# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၃)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲ သုတေသနရှေ့တန်းစခန်းရုံးနှင့် နောင်မွန်မြို့ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှုစစ်ဆေးပြီး ပန်နန်းဒင်မြို့အတွက် ဆန်အိတ်များထောက်ပံ့



ဒုတိယသမ္မတ ဦးမြင့်ဆွေ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ပန်နန်းဒင်မြို့ရှိ ဒေသခံပြည်သူများ အတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်စဉ်။

သတင်းစဉ်

ပူတာအို ဇန်နဝါရီ ၃၀

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဒေါက်တာရဲမြင့်ဆွေ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦး၊ ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်လင်းအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မချမ်းဘောမြို့ရှိ ဂူဘားရိပ်သာသို့ ရောက်ရှိခဲ့ရာ ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ဂူဘားရိပ်သာ၏ သမိုင်းကြောင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သမိုင်းဝင်အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❄


## နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉–၃–၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်း ဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁–၁၂–၂၀၂၀) ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် (၃၁–၁–၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉)နာရီ အထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေဆဲရှိသည့်အပြင် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော ကူးစက်မြန် ဗီဇပြောင်း COVID–19 ရောဂါပိုးအသစ်ကို အချို့အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ စတင်ကူးစက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID–19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၂၈–၂–၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန




မြန်မာ့အလင်း

# အမြော်အမြင်ကြီးမားမှုသည် အခရာ

လူတို့သည် ဘဝတွင် အောင်မြင်မှု၊ ပျော်ရွှင်မှုတို့ကို ခံစားကျေနပ်ရသည့်အခါ ပီတိသောမနဿ ဖြစ်ကြ၏။ သို့သော်လည်း ထိုပျော်ရွှင်မှုသည်လည်းကောင်း၊ ပီတိသောမနဿဖြစ်ရမှုသည်လည်းကောင်း မည်မျှတိုတောင်းသည်၊ မည်မျှတာရှည်ခံသည်ဆိုခြင်းကို မေ့လျော့ထားမိတတ်သည်။

ဤသည်ပင် လူတို့၏ ဘဝအမြင်ကို ဖော်ပြနေသည်ဟု ဆိုရပါမည်။ ဘဝကို မည်မျှလောက် ရှည်ရှည်လျားလျား ရှုမြင်သနည်း၊ ရေရှည်အကျိုးစီးပွားကို မည်မျှလောက် သဘောပေါက်နားလည်ထားသနည်း ဆိုသည်တို့က လူတို့ဘဝ၏ အရေးပါသော အဆုံးအဖြတ်တို့အပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှုရှိပါသည်။

ကမ္ဘာတစ်ဝန်းရှိ ရာဇဝင်အဆက်ဆက်က လူဆိုးလူမိုက်ကြီးများ၊ အာဏာရှင်ကြီးများ၏ သမိုင်းကို လေ့လာလျှင် ထိုထိုသောသူတို့၏ ဘဝအတွေးအမြင် မည်မျှလောက်တိုတောင်းသည်၊ မည်မျှလောက် တိမ်သည်ကို တွေ့ရပါမည်။ အများအားဖြင့် သူတို့သည် သက်တမ်းပြည့် ပျော်ရွှင်စွာ ဖြတ်သန်းသွားရသည်ဟု မရှိကြောင်း တွေ့ရပါမည်။

ထိုသူတို့သည် ငွေကြေးချမ်းသာကြွယ်ဝမှုတွင် မည်သူမှလိုက်မမီအောင် ပြည့်စုံကောင်းပြည့်စုံနေမည်။ လောကစည်းစိမ်တို့ကို လွန်လွန်ကဲကဲ လျှံပျံနေအောင် ခံစားမွေ့လျော်ရကောင်း မွေ့လျော်ရပေမည်။ အာဏာမီးပြင်း မည်မျှလောက် အရှိန်ညီးညီးဖြင့် လွှမ်းမိုးအုပ်ချုပ်နေနိုင်ကောင်း နေနိုင်ပါမည်။

သို့သော်လည်း မကောင်းမှုဖြင့် ရရှိသော ငွေကြေးဥစ္စာများဖြင့် မည်ကဲ့သို့ စိတ်နှလုံးရှင်းသန့်စွာ ပျော်ရွှင်နိုင်ပါမည်နည်း။ မမှန်မကန်နည်းဖြင့် ရရှိသုံးစွဲနေသော စည်းစိမ်တို့ကို မည်ကဲ့သို့သော ပူပန်မှုကင်းစိတ်ဖြင့် တာရှည်ခံစားနေနိုင်ပါမည်နည်း။ အဓမ္မနည်းတို့ဖြင့် ရရှိထားသည့် အာဏာမီးတောက်သည် မည်မျှလောက် ဩဇာထက်မြက် ထိန်းသိမ်းထားနိုင်မည်နည်း။

အမှန်အကန် ချမ်းသာသုခကို ရရှိနိုင်ရေးကို ပိတ်ပင်တားဆီးသည့် နီဝရဏ တရားငါးပါးတွင် ပါဝင်သည့် ဥဒ္ဓစ္စ၊ ကုက္ကုစ္စဟုခေါ်သည့် နောင်တ တစ်ဖန်ဖြင့် ပူလောင်စိုးရိမ်နေရခြင်း၊ စိတ်မငြိမ်သက် ပျံ့လွင့်နေရခြင်းတို့ကို မည်သို့ကျော်လွှား လွန်မြောက်နိုင်ပါမည်နည်း။ မတရားသဖြင့် ရရှိထားသည့် ချမ်းသာကြွယ်ဝမှု၊ စည်းစိမ်၊ အာဏာတို့ကို ခံစားနေချိန်တွင် မိမိ၏အတွင်းစိတ်၌ တဖွားဖွားပေါ်ပေါက်နေမည့် ပူလောင်မှု၊ စိုးရိမ်မှုတို့ကို မည်သို့ဖုံးကွယ်နေနိုင်ပါမည်နည်း။

အဓမ္မနည်းအမျိုးမျိုးဖြင့် ကြီးကျယ်ချင်သည်၊ ချမ်းသာကြွယ်ဝချင်သည်ဆိုခြင်းက မည်မျှလောက် အမြင်တိမ်ခဲ့သည်ကို ဖော်ပြနေမှုသာဖြစ်ပါသည်။ လူတစ်ယောက်၏သက်တမ်းသည် မည်မျှလောက်ရှည်လျားကြာမြင့် နိုင်ပါမည်နည်း။ ချန်ရစ်ခဲ့ရမည်ဖြစ်သော မိမိ၏ ရင်သွေးရင်နှစ် မျိုးဆက်များကို မည်သို့သော အမွေများကို ပေးခဲ့ရမည်ဟု ယူဆထားပါသနည်း။ အဓမ္မသမားတို့ကို လောကကြီးက မည်သို့ ထောမနာပြုနေမည်ဟု တွေးမိနေပါသနည်း။ အဓမ္မသမားတို့ကို လူအများက မည်သို့မေတ္တာပို့နေကြမည်ဟု တွေးမြင်ထားပါသနည်း။

ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ မင်းချမ်းသာကား၊ သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့် ရေပွက်ပမာ၊ တစ်သက်လျာတည်းဟူသည့် လင်္ကာအပိုင်းအစသည် တွေးချင့်စရာကောင်းလှသည် မဟုတ်ပါလော။

လူတို့၏ ရင့်ကျက်မှု၊ အမြော်အမြင်ကြီးမှု၊ ရေရှည်မြင်တတ်မှုတို့၏ မြင့်မြတ်ခမ်းနားခြင်းထက် မည်သည်တို့က ပိုမိုမက်မောဖွယ်ရာများဟု မြင်ကြသနည်း။

ဘဝတိုထွာ ခဏတာ၏ စည်းစိမ်ချမ်းသာအတွက် မိမိ၏ တစ်သက်တာမက သံသရာအထိ ဤသို့ဤနှယ် ဖြတ်ကျော်မည်ဟု ဆုံးဖြတ်ကြမည်လော။

အမြင်တိုတောင်းသူတို့ကား မျက်တောင်မွေးတစ်ဆုံးကိုသာ ရှုမြင်နေကြချိန်တွင် အမြော်အမြင်ကြီးသူတို့ကား သံသရာခရီးရှည်ထိမြင်၏။

ရောက်ရှိလာကြ လူ့ဘဝတွင် ရေရှည်တွေးသိ အမြော်အမြင်ကြီးသူတို့ ဖြစ်ကြပါစေသား။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

## သီပေါ၌ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေများရှင်းလင်း

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့ဖြစ်သည်နှင့်အညီ ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် အခြားယာဉ်များ နေ့စဉ်စည်ကားစွာ သွားလာဖြတ်သန်းလျက်ရှိသည်။

ထိုသို့မော်တော်ယာဉ်များ စုန်ဆန်သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရေးအတွက် သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မန်ဟဲမြို့ ဝင်၊ ထွက်တိုးဂိတ်၌ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေဆိုင်ရာများကို ယာဉ်မောင်းများအား အသိပေးရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေတွင် မော်တော်ယာဉ်များနှင့် နောက်တွဲယာဉ်များတွင် အကာအကွယ်တန်းများ ပြည့်စုံစွာတပ်ဆင်ထားရေး၊ အကာအကွယ်တန်းများ ပြည့်စုံစွာတပ်ဆင်ထားခြင်း မရှိသော မော်တော်ယာဉ်များနှင့် နောက်တွဲယာဉ်များအား စစ်ဆေးတွေ့ရှိပါက ၂၀၂၁ ခုနှစ် မေ ၁ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ(၁၈)အရလည်းကောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း၊ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်လာစဉ် တပ်ဆင်ထားခြင်းမရှိပါက ယင်းဥပဒေပုဒ်မ(၈၁)အရ လည်းကောင်း၊ တားမြစ်ချက်များကို ဖောက်ဖျက်ခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## စက်မှုလယ်ယာဦးစီးဌာန ငွေစာရင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၃၀**

စက်မှုလယ်ယာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ငွေစာရင်းဝန်ထမ်းများအား ငွေစာရင်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ဇန်နဝါရီလနောက်ဆုံးပတ်က နေပြည်တော်ရှိ စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၌ Zoom Meeting စနစ်ဖြင့် ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းတွင် ငွေစာရင်းဆိုင်ရာ ရုံးလုပ်ငန်းဆောင်ရွက်ချက်များဖြစ်သော ရငွေကောက်ခံပေးသွင်းခြင်း၊ အသုံးစရိတ်ရန်ပုံငွေများ တင်ပြတောင်းခံခြင်း၊ ငွေထုတ်ကန့်သတ်ချက် တိုးမြှင့်တောင်းခံခြင်း၊ လစဉ်လချုပ်များနှင့် နှစ်ကုန်ဆုံးသောအခါ နှစ်ချုပ်စာရင်းများပေးပို့ခြင်း၊ ပိုလျှံငွေအပ်နှံခြင်းတို့အား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာရင်းများပြုစုခြင်း စသည်တို့ကို စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်) ငွေစာရင်းဌာနခွဲမှ အရာထမ်းများက သင်ကြားပို့ချပေးသည်။




အဆိုပါသင်တန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးအသီးမှ ငွေစာရင်းဝန်ထမ်း ၁၉၂ ဦးအား တစ်ကြိမ်လျှင် ငါးရက်ဖြင့် သုံးကြိမ်ဖွင့်လှစ်ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ပြည်သူသာလျှင် အဓိက

❊ *ရှေ့ဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတသည် မချမ်းဘောမြို့နယ် ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရာ တော်ဝင်မြစ်ကြီးနား ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ နောင်မွန်မြို့ရှိ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲ သုတေသနရှေ့တန်းစခန်းရုံးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ နောင်မွန်မြို့သို့ ထွက်ခွာပြီး နောင်မွန်မြို့ရှိ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲ သုတေသနရှေ့တန်းစခန်းရုံးသို့ ရောက်ရှိကြရာ စခန်းတာဝန်ခံ ဦးအောင်မြတ်စိုးက စခန်းဆိုင်ရာ အချက်အလက်များ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း၌ ငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားနေမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် နှင်းကျားသစ်များ နေထိုင်ကျက်စားမှု ရှိ/မရှိကို လေ့လာဆောင်ရွက်နေမှုအခြေအနေများ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းတွေ့ရှိရသည့် ဆေးဖက်ဝင်အပင်များနှင့် ၎င်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများအား သုတေသနဆောင်ရွက်နေမှုအခြေအနေများတို့ကို ရှင်းလင်းတင်ပြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပူတာအို - နောင်မွန်- ပန်နန်းဒင် လမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် ပန်နန်းဒင် - ငါဝါကျေးရွာ - ဂဝိုင်ကျေးရွာတို့အား လမ်းဖောက်လုပ်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

## ထိန်းသိမ်းစောင့်ရှောက်

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအောင်မြင်အောင်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နိုင်ငံ၏ ထူးခြားလှပသော ရေခဲတောင် ဂေဟစနစ်နှင့် ရှားပါးပြီးအဖိုးတန်သော သဘာဝသယံဇာတများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နောင်မွန်မြို့ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပန်နန်းဒင်မြို့ရှိ ဒေသခံပြည်သူများအတွက် ဆန်အိတ် ၂၀၀ ထောက်ပံ့ပေးအပ်ရာ ပန်နန်းဒင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် ဒေသခံများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နောင်မွန်မြို့မှ ပူတာအိုမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ထိုမှ တစ်ဆင့် တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မချမ်းဘောမြို့ရှိ ဂူဘားရိပ်သာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



မချမ်းဘောမြို့နယ်ခန်းမ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ သတင်းစဉ်

❖ *ကျောဖုံးမှ*

ယနေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၁၀၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးခြင်း ဖြစ်သည်။

ကိုဗစ် - ၁၉ ကာကွယ်ဆေး COVISHIELD ပထမအကြိမ် ထိုးနှံခဲ့ကြသူများအနေဖြင့် ပထမအကြိမ်ဆေးထိုးပြီးနောက် ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံကြရမည်ဖြစ်ကြောင်းသိရသည်။

မျိုးမင်းနိုင်
ဓာတ်ပုံ - ကိုကြီးထိန်(MNA)



တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံစဉ်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံနေစဉ်။


# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စိုက်ပျိုးရေးဦးစီးဌာန၏ တတိယအကြိမ် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေးဦးစီးဌာန၏ တတိယအကြိမ် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒိုင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလူငယ်ပညာရှင်များ၊ နေပြည်တော်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စာတမ်းရှင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။





**စွမ်းဆောင်ရည်တိုးမြှင့်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနလက်အောက်ရှိ အခြားသော ဦးစီးဌာနများ၊ တက္ကသိုလ်များကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနက စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊

စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသရှိ တောင်သူများ၏ အခြေခံလိုအပ်ချက်ကို ရှာဖွေဖော်ထုတ် ဖြည့်ဆည်းပေးနိုင်ရေး Bottom-Up Approach ကို စနစ်တကျကျင့်သုံးနေကြောင်း၊ ယခုကျင်းပ ပြုလုပ်သည့် တောင်သူအသုံးပြု စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲတွင် အထင်အရှား တွေ့မြင်နေရပါကြောင်း၊ အကျိုးဆက်အားဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာသည်နှင့်အမျှ ခိုင်မာသော သုတေသနတွေ့ရှိချက်များအပေါ် အခြေပြု၍ တောင်သူ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကောင်းမွန်လာပြီး တောင်သူများ ဝင်ငွေ တိုးတက်ရရှိလာကာ လူနေမှုဘဝ မြင့်မားလာစေသည့် အကျိုးဆက်များ ဖြစ်တည်လာမည်ဖြစ်ပါကြောင်း။

**မျက်ခြည်မပြတ် လေ့လာဆန်းစစ်**

ပုံမှန်ဆောင်ရွက်နေကျ သုတေသနလုပ်ငန်းများအပြင် လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ လယ်ယာကဏ္ဍနှင့် စျေးကွက်အပေါ် သက်ရောက်မှုများကိုလည်း မျက်ခြည်မပြတ် လေ့လာဆန်းစစ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလ ဖြတ်ကျော်နေစဉ် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ပြောင်းလဲကျင့်သုံးရမှုကြောင့် မိမိတို့၏ ICT နည်းပညာအသုံးချမှုမှာ ယခင်က ထက် သိသာကျယ်ပြန့်စွာ အသုံးပြုနေကြရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါ နည်းပညာကို တောင်သူ များလည်း ထိထိရောက်ရောက် အသုံးချတတ်စေရေး အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများအနက် အဓိကကျသော စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့် အော်ဂဲနစ် စိုက်ပျိုးရေးကျင့်စဉ်များ ချမှတ်ဆောင်ရွက်ထားရှိပြီး တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအားလုံးက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဆုများချီးမြှင့်**

တတိယအကြိမ် စာတမ်းဖတ်ပွဲတွင် တက်သစ်စ လူငယ်ပညာရှင်များအုပ်စုမှ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မြေဆီလွှာနှင့်ရေကို စနစ်တကျစုဆောင်း ထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် ပထမဆု၊ ရှမ်းပြည်နယ် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် စျေးကွက်အလားအလာများအား အကဲဖြတ်ခြင်း ခေါင်းစဉ်ဖြင့် ဒုတိယဆု၊ ကော်ဖီအချဉ်ဖောက်ခြင်းနည်းလမ်းအမျိုးမျိုးဖြင့် ကော်ဖီ၏ သောက်သုံးမှုအရည်အသွေး အရသာအပေါ် လွှမ်းမိုးမှုအား သုတေသနပြုစမ်းသပ်ခြင်း ခေါင်းစဉ်ဖြင့် တတိယဆုတို့ကို လည်းကောင်း၊ အတွေ့အကြုံရှိပြီးသော ပညာရှင်များ အုပ်စုတွင် Effect of Different types of organic manures application on growth and yield of Elephant Food Yamunder immature rubber plantation ခေါင်းစဉ်ဖြင့် ပထမဆု၊ ကော်ဖီကြိတ်ခွဲ ထုတ်လုပ်သည့်နည်းအလိုက် အရည်အသွေးအပေါ် လွှမ်းမိုးသည့်အချက်များအား လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်ဖြင့် ဒုတိယဆု၊ Evaluation of Rubber Clones From PRIM 2000 SERIES in Small Scale Clone Trial ခေါင်းစဉ်ဖြင့် တတိယဆု အပါအဝင် နှစ်သိမ့်ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ သင်ရိုးညွှန်းတမ်းများရေးဆွဲရေးလုပ်ငန်းစတင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

**မြန်မာနိုင်ငံ တက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသင်ရိုးညွှန်းတမ်းများ ရေးဆွဲရေးလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက မြန်မာ နိုင်ငံ တက္ကသိုလ်များအတွက် ပတ်ဝန်း ကျင် ထိန်းသိမ်းရေးဥပဒေ သင်ရိုး ညွှန်းတမ်းများ ရေးဆွဲရေးလုပ်ငန်း စတင်ခြင်း အခမ်းအနား ကျင်းပသည့် ယနေ့သည် တက္ကသိုလ်များအားလုံး အတွက် အရေးပါသောနေ့ တစ်နေ့ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် လူမှု စီးပွားရေးလုပ်ငန်းများကို အောင်မြင် စွာ အကောင်အထည်ဖော် ဆောင်ရွက် ရန်အတွက် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု (IQ) နှင့် စိတ်ရင့်ကျက် တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေး နိုင်မှု (EQ)နှင့် ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိစေမည့် အဆင့်မြင့်ပညာသင်ရိုး ညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲရန် အရေးကြီးပါကြောင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်ရေး၊ လူသားအရင်းအမြစ်နှင့် ကျွမ်းကျင်မှု တိုးတက်မြင့်မားရေးတို့ကို ဦးတည် သည့် သင်ရိုးညွှန်းတမ်းများကို လက်တွေ့အကျိုးရှိ ထိရောက်စေရန် ပြင်ဆင်ရေးဆွဲ သင်ကြားသင်ယူကြ ရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေသည် မြန်မာနိုင်ငံ တက္ကသိုလ်များ၏ ဥပဒေပညာဘွဲ့နှင့် ဥပဒေပညာ မဟာဘွဲ့သင်တန်းများ၌ ပင်မဘာသာရပ်တစ်ခု ဖြစ်ပါကြောင်း။

ဘွဲ့သင်တန်းများ၌ လိုအပ် သည့် အဖွဲ့အစည်းများ၏ ဖွဲ့စည်း တည်ဆောက်ပုံနှင့် ပြုပြင်ပြောင်းလဲ ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်း ဆောင်ရွက်ပေးသော အာရှဖွံ့ဖြိုး တိုးတက်ရေးဘဏ်(ADB)ကို ကျေးဇူး တင်ရှိပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ သင်ရိုးညွှန်းတမ်း များ ရေးဆွဲသင်ကြား သင်ယူရေး အတွက် ပံ့ပိုးဆောင်ရွက်ပေးသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှ မောင်သိန်းနှင့် တာဝန်ရှိသူများ၊ အာရှ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ဥပဒေ မူဝါဒ ပြုပြင်ပြောင်းလဲရေး အကြံပေး အရာရှိ Ms. Christina Pak အား လည်းကောင်း၊ စီမံကိန်း စတင် ဆောင်ရွက်နိုင်ရန် အားထုတ်ပေး သည့် Climate Change ပညာရှင် Mr. Matthew Baird နှင့် ညှိနှိုင်းရေးမှူး ဒေါ်ခင်သန္တာအား လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ သင်ရိုးညွှန်းတမ်းရေးဆွဲရေး လုပ်ငန်း အဖွဲ့မှ ပါမောက္ခများနှင့် ကထိကများ အား လည်းကောင်း ကျေးဇူးတင်ရှိပါ ကြောင်း၊ ကမ္ဘာ့လူသားကောင်းများ ဖြစ်ထွန်းလာစေရေး ဦးတည်သည့် သင်ရိုးညွှန်းတမ်းများကို မိမိတို့ စွမ်းဆောင်ရည်များအား အကောင်း ဆုံးအသုံးချ၍ ညှိနှိုင်းတိုင်ပင်ရေးသား ပြုစုပေးကြပါရန် တိုက်တွန်းလိုပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးလှမောင်သိန်းက ပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေ ဖြင့် မြန်မာနိုင်ငံ တက္ကသိုလ်များ အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ သင်ရိုးညွှန်းတမ်းများ ရေးဆွဲ ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း တင်ပြ ဆွေးနွေးသည်။ ထို့နောက် အာရှဖွံ့ဖြိုး တိုးတက်ရေးဘဏ်မှ Ms. Christina Pak က ဆွေးနွေးပြောကြားကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ လေ့လာဆန်းစစ် အကဲ ဖြတ်ရေးအဖွဲ့ (သုတေသန) ညွှန်ကြား ရေးမှူးချုပ်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ ပါမောက္ခများ၊ အာရှဖွံ့ဖြိုး တိုးတက်ရေးဘဏ်မှ ဥပဒေမူဝါဒ ပြုပြင်ပြောင်းလဲရေး အကြံပေးအရာရှိ Ms. Christina Pak နှင့် အဖွဲ့ဝင် များ၊ ရာသီဥတုပြောင်းလဲမှုပညာရှင် Mr. Matthew Baird နှင့် ပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

မြန်မာပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

သန်လျင်မြို့မစျေးကြီး ဓမ္မသဟာယ အဖွဲ့က ကိုဗစ်ကာကွယ်ဆေး ဝယ်ယူရန် အလှူငွေကျပ်သိန်း ၁၀၀ ကို ဇန်နဝါရီ ၃၀ ရက်က အဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းရင် နှင့်အဖွဲ့က မြို့နယ်နာရေးကူညီမှု အသင်း သဘာဝဘေးကူညီ ထောက်ပံ့ရေးကော်မတီသို့ ပေးအပ် လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)



# ပြည်ထောင်စု၏ အောင်ဆုမဏ္ဍိုင် လွတ်လပ်နိုင်ငံ ပြည်တိုင်းမြန်



ဒေါက်တာမနုရည်

*ယမန်နေ့မှအဆက်*

**စ**ကျူဖြူစီမံကိန်းကို အတိုချုပ်ရှင်းပြရလျှင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးကို တင်းပြည့်ကျပ်ပြည့်ရမည် မဟုတ်ဘဲ ဗြိတိန်နိုင်ငံ၏ အထွတ်အထိပ် ဘုရင်/ဘုရင်မ၏ လက်အောက်တွင် မြန်မာနိုင်ငံသူ/ မြန်မာနိုင်ငံသားတို့ ရွေးကောက်တင်မြှောက်သော အစိုးရအဖွဲ့က တိုင်းပြည်ကို အုပ်ချုပ်မည်သာ ဖြစ်ပါသည်။ ဘုရင်/ဘုရင်မသည် မြန်မာနိုင်ငံတော်၏ အထွတ် အထိပ် (Head of the State) ဖြစ်မည်။ သူ၏ကိုယ်စားလှယ်အဖြစ် ဘုရင်ခံကို မြန်မာနိုင်ငံတွင် ထားရှိမည်။ ထို့ကြောင့် သမ္မတ မရှိနိုင်ပါချေ။ မြန်မာအစိုးရအဖွဲ့တွင် ရာထူးအမြင့်ဆုံးခေါင်းဆောင်သည် ဝန်ကြီးချုပ်အဆင့်သာလျှင်ဖြစ်မည်။ မြန်မာနိုင်ငံတွင် ဝန်ကြီးချုပ်နှင့် ဘုရင်ခံတို့ သူ့နေရာနှင့်သူ အမြင့်ဆုံးအာဏာကို လက်ဝယ်ကိုင်ရှိကြမည်။ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သည်လည်းရှိမည်၊ တစ်ဦးကိုတစ်ဦးလည်း ဘုရင်/ ဘုရင်မထံ အကြောင်းပြချက် ခိုင်လုံစွာ တင်ပြ၍ ဘုရင်/ဘုရင်မက လက်ခံအတည်ပြုလျှင် ဖြုတ်ချနိုင်သည်။ ဤသည်ကို ဓနသဟာယနိုင်ငံ (Commonwealth Country) ဟုခေါ်သည်။

ဓနသဟာယနိုင်ငံများအားလုံးသည် ဗြိတိန်ဘုရင်/ ဘုရင်မ၏ လက်အောက်ခံဖြစ်၍ ဗြိတိန်နိုင်ငံအစိုးရ၏ လက်အောက်ခံကားမဟုတ်ပါ။ ဗြိတိန်နိုင်ငံကို ဗြိတိန်နိုင်ငံသူ/ နိုင်ငံသားများက ရွေးကောက်တင်မြှောက်သော ဝန်ကြီးချုပ်ခေါင်းဆောင်သည့် ဗြိတိန်အစိုးရအဖွဲ့က အုပ်ချုပ်၍ ဓနသဟာယ နိုင်ငံများကိုမူကား ယင်းသက်ဆိုင်ရာ နိုင်ငံသူ/နိုင်ငံသားများက ရွေးကောက်တင်မြှောက်သည့် ဝန်ကြီးချုပ် ခေါင်းဆောင်သော အစိုးရအဖွဲ့က အုပ်ချုပ်ခြင်းဖြစ်ပါသည်။ ဗြိတိန်ဘုရင်မ၏ လက်အောက်ခံအဖြစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားခြင်းဖြစ်သည်။

အောင်ဆန်း-အက်တလီစာချုပ်ကို နှစ်ဦးနှစ်ဖက် ခေါင်းဆောင်ကြီးများက လက်မှတ်ရေးထိုးကြရာတွင် မြန်မာနိုင်ငံဘက်မှ တက်ရောက်ကြသော ကိုယ်စားလှယ်များအဖွဲ့တွင် ပါဝင်သည့် ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က လက်မှတ်မထိုးကြပေ။

**ပင်လုံစာချုပ် (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့)**

"ပြည်ထောင်စုနေ့" သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည့် အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသော နေ့ရက်ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးအတွက်လည်း အဓိကလိုအပ်ချက်တစ်ခုဖြစ်လေသည်။ တိုင်းရင်းသားလူမျိုးစုတို့ ညီညွတ်ပေါင်းစည်းရန် စာချုပ်ခဲ့ကြသော ပြည်ထောင်စုကြီးသည် ဤသို့သာ မပေါင်းစည်းခဲ့ပါလျှင် လွတ်လပ်ရေးကို ရခဲ့ကြမည်မဟုတ်ပါ။

ဆိုခဲ့ပြီးသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးစုတို့ နေထိုင်ရာ ပြည်နယ်ဒေသများ၏ ခေါင်းဆောင်များနှင့်အတူ ဤနေ့ရက်တွင် ပင်လုံညီလာခံကြီး၌ နီးနှော တိုင်ပင်ကြကာ ဗမာနှင့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာ ပေါင်းစည်းကြမည်ဟု သဘောတူ လက်မှတ်ရေးထိုးခဲ့ကြရာတွင် ဗိုလ်ချုပ်နှင့် ပြည်နယ် တောင်တန်းဒေသ၏ တိုင်းရင်းသားခေါင်းဆောင်များ အကြား သဘောတူညီမှုရသည်အထိ စေ့စပ်ကြိုးပမ်းခဲ့ကြ သူတို့မှာ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်ဇံဝေ၊ ဦးဖေခင်၊ ဗိုလ်မှူးအောင်၊ ဆာမောင်ကြီး၊ ဒေါက်တာ စိန်မြမောင်နှင့် မြို့မ ဦးသန်းကြွယ်တို့ဖြစ်ပြီး ဤသမိုင်းဝင် ပင်လုံစာချုပ်ကြီး အောင်မြင်ရေး၌ အရေးပါသော နောက်ခံသမိုင်းဝင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဦးတင်ထွဋ်၊ ဗိုလ်ခင်မောင်ကလေး၊ သခင်ဝတင်၊ ဗိုလ်မင်းလွင်၊ ဦးကိုကိုလေး၊ ဗိုလ်သိမ်းဆွေ၊ ဦးတင်ညွှန့်နှင့် ဦးမောင်မောင်တို့သည်လည်း အဖွဲ့ဝင်များဖြစ်ကြလေသည်။ ဗြိတိသျှတို့ဘက်မှ ဒိုမီနီယန်အတွင်းဝန်ကလေး ဘော့တွမ်လေ၊ မစ္စတာ လက်ဝစ်ချ်၊ ဂျွန်လေဒင်တို့ ဦးဆောင်သော အရာရှိကြီးများနှင့် တောင်တန်းဒေသမင်းကြီး မစ္စတာ စတီဗင်ဆင်တို့လည်း တက်ရောက်ခဲ့ကြသည်ဟု ဆိုပါသည်။

> **"ဤသို့ဆိုလျှင် ပြည်ထောင်စုစည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဖြစ်သည်မှာ ထင်ရှားလှသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးစတေးကာ အလွန်တရာ ဆင်းရဲပင်ပန်းခက်ခဲစွာဖြင့် ရယူထားခဲ့ကြရသည့် ဘိုးဘွားအမွေအနှစ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှုကြီးကို မပြိုကွဲ မပျက်စီးရလေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်မှာ ပြည်ထောင်စုသားအားလုံး၏ တာဝန်တစ်ရပ်ပါပေ"**

ဤသို့ဖြင့် အောင်ဆန်း-အက်တလီစာချုပ်၏ အဓိကလိုအပ်ချက်ကို ပင်လုံစာချုပ်ဖြင့် ဖြည့်ဆည်းနိုင်ခဲ့သောကြောင့်သာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြလေသည်။ "ပင်လုံစာချုပ်" တွင် မြန်မာအစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကော်မတီမှ ခေါင်းဆောင် ခြောက်ဦး၊ ချင်းကော်မတီမှ ခေါင်းဆောင်သုံးဦး၊ ရှမ်းကော်မတီမှ ခေါင်းဆောင် ၁၃ ဦး စုစုပေါင်း ခေါင်းဆောင် ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဤညီလာခံတွင် မွန်နှင့် ရခိုင်တို့ မပါဝင်ခဲ့ကြပေ။ အကြောင်းမူကား ထိုစဉ်အခါက ၎င်းတို့ကို သီးခြားပြည်နယ်များဟူ၍ မသတ်မှတ်သေးသောကြောင့် ဖြစ်လေသည်။

ဤစာချုပ်တွင် လက်မှတ်ရေးထိုးကြသူများမှာ မြန်မာအစိုးရအဖွဲ့ (၁) ဦးအောင်ဆန်း။ ကချင် ကော်မတီ (၁) ဆမားဒူးဝါး ဆင်ဝါးနောင် - မြစ်ကြီးနား၊ (၂) ဇော်ရစ်- မြစ်ကြီးနား၊ (၃) ဒိန်ရတန် - မြစ်ကြီးနား၊ (၄) ဇော်လ - ဗန်းမော်၊ (၅) ဇော်လွန်း - ဗန်းမော်၊ (၆) လဗန်းဂရောင်း- ဗန်းမော်။ ချင်းကော်မတီ (၁) ဦးလွှာမှုန်း အေတီအမ် အိုင်တီအက်(စ်)အမ် - ဖလမ်း၊ (၂) ဦးသောင်ဇာခပ် အေတီအမ် - တီးတိန်၊ (၃) ဦးကီယိုမန်း အေတီအမ် - ဟားခါး။ ရှမ်းကော်မတီ (၁) ခွန်ပန်းစိန် - တောင်ပိုင်းစဝ်ဖလုံ၊(၂) စဝ်ရွှေသိုက် - ညောင်ရွှေစဝ်ဖလုံ၊ (၃) စဝ်ဟုံဖ- မြောက်ပိုင်းသိန္နီစဝ်ဖလုံ၊ (၄) စဝ်နွံ့ - လဲချားစဝ်ဖလုံ၊ (၅) စဝ်စံထွန်း - မိုင်းပွန် စဝ်ဖလုံ၊ (၆) စဝ်ထန်းအေး - သာမိုင်းခမ်းစဝ်ဖလုံ၊ (၇) ဦးဖြူ - သထုံ (Hsahtung) စဝ်ဖလုံ ခွန်းဖုံး၏ ကိုယ်စားလှယ်၊ (၈)ဦးတင်အေး၊(၉)ဦးထွန်းမြင့်၊ (၁၀) ဦးကြာဘု၊ (၁၁) ဦးခွန်စော၊ (၁၂) စဝ်ရစ်ဖနှင့် (၁၃) ဦးခွန်ထီးတို့ဖြစ်ကြပါသည်။

**ပင်လုံစာချုပ်ပါ အချက်အလက်များ**

(၁) "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (တစညဖ)" ကိုယ်စားလှယ်များ၏ ထောက်ခံချက်ဖြင့် တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံက ရွေးချယ်ပြီး ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားကာ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲစီရင်ဆုံးဖြတ်ဆောင်ရွက်စေမည်။

(၂) ထိုအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင် တစ်ဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြင်ပကိစ္စရပ်များကိုလည်းကောင်း၊ နယ်စပ်ဒေသကိစ္စများကို လည်းကောင်း အခြေခံလုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိစေရမည်။ ဤသို့ဖြင့် နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

(၃) အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့် လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံနှစ်ဦးက ကူညီစေရမည်။ ထို ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် မိမိတို့နှင့် သက်ဆိုင်သည့် ပြည်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်ပြီး အတိုင်ပင်ခံပုဂ္ဂိုလ်မှာမူ ကျန်နယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသုံးဦးတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တွဲဖက်တာဝန်ယူသည့်မူဖြင့် ဆောင်ရွက်စေရမည်။

(၄) အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအဖြစ် နယ်စပ်ဒေသများ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်သော်ငြားလည်း ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အစည်းအဝေးတွင် တက်ရောက်နိုင်ခွင့်ရှိသည်။

(၅) ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို အထက်တွင် သဘောတူခဲ့ကြသည်နှင့်အညီ တိုးချဲ့သော်လည်း နယ်စပ်ဒေသများ၏ ပြည်နယ်တွင်းအုပ်ချုပ်ရေးတွင် ရရှိထားသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဤနယ်မြေဒေသများ၏ မည်သည့်အပိုင်းကိုမျှ လက်လွတ်စေရန် အဆိုပါ ကောင်စီက မည်သည့်နည်းနှင့်မျှ ပြုလုပ်ခြင်း မရှိစေရ။ နယ်မြေဒေသများအတွက် ပြည်နယ်တွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေးမူ အပြည့်အဝရှိစေရမည်။

(၆) ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့် ကချင်ပြည်နယ်တစ်ခု နယ်နိမိတ် သတ်မှတ်တည်ထောင်ရန်ကိစ္စသည် တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ထိုသို့ တည်ထောင်ခြင်းသည် လိုလားအပ်ကြောင်း သဘောတူကြသည်။ ယင်းကိစ္စဖြစ်မြောက်ရေးတွင် ပထမအဆင့်အဖြစ် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေအရ အပိုင်း (၂) ဒေသများအတိုင်း၊ မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်များအား ဆွေးနွေးတိုင်ပင်ရမည်။

(၇) နယ်မြေဒေသတိုင်းရင်းသားများသည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများနှင့် အခွင့်ထူးများကို ခံစားခွင့်ရှိစေရမည်။

(၈) ဤစာချုပ်တွင် သဘောတူညီ လက်ခံထားရှိချက်များမှာ ဗဟိုအစိုးရလက်အောက်တွင် စုစည်းသည့် ရှမ်းပြည်နယ်စုတွင် ယခုအပ်နှင်းထားပြီးသော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိစေရ။

(၉) ဤစာချုပ်တွင် သဘောတူညီ လက်ခံထားရှိချက်များမှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသများက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်း မရှိစေရ။ မြန်မာပြည်နှင့် ရှမ်းပြည်နယ်စုတို့အကြား ထားရှိသော ဘဏ္ဍာရေးအစီအစဉ်များ နည်းတူ၊ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် စီစဉ်မှုများထားရှိရန် ဖြစ်နိုင်မဖြစ်နိုင်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက နယ်မြေဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

**နု-အက်တလီစာချုပ် (၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့)**

နု - အက်တလီစာချုပ်သည် ၁၉၄၇ ခု အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက ကြားဖြတ်အစိုးရသို့ နိုင်ငံ၏အချုပ်အခြာအာဏာကို လွှဲပြောင်းပေးရန် သဘောတူကြောင်း ချုပ်ဆိုသည့် ကတိစာချုပ်ဖြစ်သည်။ ဤစာချုပ်တွင် နန်းရင်းဝန် မြန်မာနိုင်ငံကြားဖြတ်အစိုးရ အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိသျှအစိုးရအဖွဲ့ ခေါင်းဆောင် ဝန်ကြီးချုပ် ကလင်းမင့် အက်တလီတို့က လက်မှတ်ရေးထိုးကြသည်ဖြစ်၍ နု-အက်တလီစာချုပ်ဟု အမည်တွင်ပေသည်။ (နန်းရင်းဝန် သခင်နု ဦးဆောင်သော မြန်မာနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့သည် ဤစာချုပ် အတည်ဖြစ်သည်မှစ၍ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူပြီး အစိုးရအဖွဲ့သစ်ကိုဖွဲ့သည်အထိ တာဝန်ယူရမည့် အစိုးရအဖွဲ့ ဖြစ်သည်)

စာချုပ်တွင် အချက်အလက်အားဖြင့် ၆ ချက်ပါဝင်၍ နောက်ဆုံးအချက်တွင် အချက်ပေါင်း ၁၅ ချက် ထပ်မံခွဲထားပါသည်။ စာချုပ်တွင် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ သံတမန်ဖလှယ်ရေး၊ အစိုးရစာတမ်းများ၊ နိုင်ငံသားခံယူမှု၊ ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေကြေးဘဏ္ဍာရေး၊ အစိုးရအမှုထမ်းများ၏ ပင်စင်နှင့် ဆုငွေ၊ ဗြိတိန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ကူးသန်းရောင်းဝယ်ရေး၊ ရေကြောင်းလေကြောင်း ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး၊ မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရေးတို့ ဆိုင်ရာကိစ္စရပ်များ ဖြစ်ကြသည်။ ဤစာချုပ်အရ ဗြိတိသျှလက်အောက်ခံ မြန်မာပြည်သည် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်" ဟု အမည်တွင်သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် တရားဝင်စတင်မွေးဖွားလာခဲ့သည်။ ယင်းနေ့သည်ကား မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ရသည့် နေ့ကြီးတစ်နေ့ဖြစ်သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ပင်တည်း။

နု-အက်တလီစာချုပ်၏ အဓိက အချက်ကြီး (၆) ချက်ကို အကျဉ်းချုံး ဆွေးနွေးရပါလျှင်-

(၁) ဗြိတိသျှအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အပြည့်အဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုသည်။ မြန်မာနှင့် ဗြိတိန် နှစ်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် သံတမန်ချင်း ဖလှယ်ထားရှိကြမည်။

(၂) မြန်မာနိုင်ငံနှင့် သက်ဆိုင်သမျှ တာဝန်ဝတ္တရားအားလုံးသည် ဤစာချုပ်အတည်ဖြစ်သည်မှစ၍ မြန်မာနိုင်ငံ ကြားဖြတ်အစိုးရသို့ သက်ဆင်းကျရောက်သည်။ ရရှိအပ်သော အခွင့်အရေးများနှင့် အကျိုးစီးပွားတို့ကိုလည်း ကြားဖြတ်အစိုးရက ရရှိခံစားနိုင်မည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားလည်းဖြစ်၊ ဗြိတိသျှအစိုးရ လက်အောက်ခံလည်း ဖြစ်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံခြားသားအဖြစ်ခံယူကြောင်း ကြေညာနိုင်ခွင့်ရှိသည်။ ဤသို့ ကြေညာသည်မှစ၍ မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲမည်။ ဤစာချုပ်အတည်ဖြစ်ပြီးနောက် ကြားဖြတ်အစိုးရက တိုင်းပြုပြည်ပြုလွှတ်တော်ကို တစ်နှစ်အတွင်း အမြန်ဆုံးခေါ်ယူရမည်။

(၄) ကာကွယ်ရေးဆိုင်ရာ ကိစ္စများတွင် ဤစာချုပ်ပါ နှစ်ဖက်အစိုးရများ၏ ဆက်ဆံရေးကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က အစိုးရနှစ်ဖက်တို့ လက်မှတ်ရေးထိုးကြသော သဘောတူညီချက်ဖြင့် စည်းမျဉ်းသတ်မှတ်ရမည်။ အဆိုပါ သဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်များကို ဤစာချုပ်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်များသည် ဤစာချုပ်၏ အစိတ်အပိုင်းများအဖြစ်ဖြင့် အကျိုးသက်ရောက်စေရမည်။

*စာမျက်နှာ ၇ သို့*

❑ *ကျောဖုံးမှ*

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့် ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံးမြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအခမ်းအနားသို့ တက်ရောက်







**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ယနေ့နံနက် ၉ နာရီက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ နာယက ဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Video Message ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည် အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များ စုစည်းဖွဲ့ထားသည့် အင်ဂျင်နီယာ အစုအဖွဲ့ကြီးတစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် (၂၅) နှစ် ငွေရတုတိုင်ခဲ့ပြီဖြစ်ပြီး အသင်းဝင်အင်အား ၆၆၅၀၀ ခန့်၊ အသင်းခွဲ ၂၇ ခု၊ အသင်းသားကုမ္ပဏီ ၃၅၀ ခန့်နှင့် ဖွဲ့စည်းထားနိုင်သည့် အနေအထားသို့ ရောက်ရှိနေသည်ကို ကြားသိရသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း။

**အင်ဂျင်နီယာများက အဓိကဆောင်ရွက်**

အသင်းချုပ်ကြီး၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များသည်လည်း ပိုမိုကြီးမားကျယ်ပြန့်လာပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှု များစွာကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ အဓိကရည်ရွယ်ချက်များမှာ မြန်မာ အင်ဂျင်နီယာများ၏ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အင်ဂျင်နီယာများအနေဖြင့် တစ်တပ်တစ်အား ပါဝင်နိုင်ရန် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးသည် လွန်စွာအရေးပါပြီး ယင်းလုပ်ငန်းများကို အင်ဂျင်နီယာများက အဓိကဆောင်ရွက်ရပါကြောင်း၊ ၂၀၁၆ ခုနှစ် အစိုးရသစ် တာဝန်ယူချိန်မှစပြီး လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများစွာကို တွေ့ရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ယင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများလည်း ဝင်ရောက်လာမည်ဖြစ်သည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အင်ဂျင်နီယာပညာရပ်သင်ကြားရေး အခန်းကဏ္ဍသည် အရေးကြီးပါကြောင်းနှင့် အဆိုပါကိစ္စရပ်များကိုလည်း အသင်းအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်း အဖွဲ့အစည်းများ၊ ပြည်ပအင်ဂျင်နီယာအဖွဲ့အစည်းများဖြစ်သည့် အာဆီယံ အင်ဂျင်နီယာအဖွဲ့ချုပ်၊ အာရှပစိဖိတ်ဒေသအင်ဂျင်နီယာအဖွဲ့ချုပ်၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် စသည်တို့နှင့် ပူးပေါင်းချိတ်ဆက်၍ အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများကို ကျင်းပဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အသင်းအနေဖြင့် ၂၀၁၉ ခုနှစ်မှစတင်ပြီး အင်ဂျင်နီယာအသင်းချုပ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အင်ဂျင်နီယာအသင်းများ ဖွဲ့စည်းနိုင်ရန် အားပေးအားမြောက်ပြုနေခြင်း၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပညာရှင်အသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိနေရသည့်အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ COVID-19 Pandemic ကာလအတွင်း အသင်းချုပ်၏ ဆောင်ရွက်ချက်များ ရပ်တန့်သွားခြင်းမရှိဘဲ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားချက်များနှင့်အညီ အသင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို သိရှိရပါကြောင်း။

**ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးစား**

ယနေ့ကျင်းပသည့် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးပြီးလျှင် ၂၀၂၁-၂၀၂၂ ကာလအတွက် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနား အစီအစဉ်များကိုလည်း ပထမဆုံးအကြိမ်အဖြစ် အွန်လိုင်းမှ ဆက်လက်ကျင်းပသွားမည်ဟု သိရပါကြောင်း၊ အွန်လိုင်းမှ ရွေးချယ်မဲပေးကြမည့်သူများအားလုံးသည် အသင်းချုပ်၏ တိုးတက်ဖွံ့ဖြိုးမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ကြပြီး အင်ဂျင်နီယာလောက၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ကြမည့် အမှုဆောင်များကို သေချာမဲပေး ရွေးချယ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သစ်လွင်ဆန်းသစ်သည့် စိတ်ကူးအကြံအစည်များနှင့် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ မိမိတို့နိုင်ငံလည်း ရင်ပေါင်တန်းလိုက်နိုင်မည့် နိုးကြားတက်ကြွထက်မြက်သည့် လူငယ်လူလတ်များက အမှုဆောင်အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံနိုင်ကြရန်လည်း အရေးကြီးပါကြောင်း၊ ရွေးချယ်ခံကြရမယ့် ဗဟိုကော်မတီဝင်များ အားလုံးသည်လည်း နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများနှင့် အသင်းချုပ်ကြီး၏ ချမှတ်ထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်နေသည့် ရေတိုရေရှည် လုပ်ငန်းစဉ်များအားလုံး အောင်မြင်ရန် အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားနိုင်ကြပါရန် ဆန္ဒပြုပါကြောင်း၊ အင်ဂျင်နီယာပညာရပ်များ ပိုမိုတိုးတက်ရန် အင်ဂျင်နီယာအသင်းဝင်များအားလုံး တက်ညီလက်ညီ ပူးပေါင်း၍ နိုင်ငံတော်ကြီး၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးပိုင်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်သွားကြရန်နှင့် အသင်းကြီး အစဉ်အမြဲတည်တံ့တိုးတက်စေရန် ဆန္ဒပြုတိုက်တွန်းနှိုးဆော်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ နာယက၊ ဥက္ကဋ္ဌနှင့် အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

(၅) အိန္ဒိယနှင့် ပါကစ္စတန်မှအပ အခြားနိုင်ငံများတွင် အိုးအိမ်အခြေအမြစ်ရှိသော ဗြိတိသျှလက်အောက်ခံများအား ပင်စင်၊ အချီးကျပင်စင်၊ ဆုငွေ၊ မိသားစုပင်စင်ရန်ပုံငွေ၊ အိုမင်းစာရန်ပုံငွေ အစရှိသည့် ၎င်းတို့ရသင့်ရထိုက်သည်များနှင့် ထောက်ပံ့ငွေ၊ ခွင့်လစာများကို မြန်မာနိုင်ငံအစိုးရဘဏ္ဍာတော် သို့မဟုတ် မြန်မာနိုင်ငံအစိုးရ၏ အခြားရန်ပုံ ငွေများမှနေ၍ ၎င်းတို့ ရသင့်ရထိုက်သောငွေများကို ဤစာချုပ် အာဏာမတည်မီက ထမ်းရွက်ခဲ့သောလုပ်သက်များအတွက် ဤစာချုပ် အာဏာတည်အံ့ဆဲဆဲကာလက အသုံးပြုခဲ့သော နည်းဥပဒေများအရပေးရန် ကြားဖြတ်အစိုးရ၌ တာဝန်ရှိသည်။

(၆) ဗြိတိသျှအစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြု လွှဲပြောင်းပေးရာတွင် ဤအချက်၌ပါရှိသော ငွေကြေးပြဿနာများကို အပြီးသတ်ဖြေရှင်းမှုအဖြစ် လိုအပ်သော အစီအစဉ်အသေးစိတ်ပါရှိသော အချက် ၁၅ ချက်ကို ပြဋ္ဌာန်းသည်။ ကြားဖြတ်အစိုးရသည် ဤ ၁၅ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဤစာချုပ်အတည်ဖြစ်သည်မှ တစ်နှစ်အတွင်း စောနိုင်သမျှစော၍ ဥပဒေပြု စီမံဆောင်ရွက်ရမည်။

ကြားဖြတ်အစိုးရသည် သိုလှောင်ထားသော စစ်တပ်ဆိုင်ရာပစ္စည်းရောင်းရငွေများကို ဗြိတိသျှအစိုးရအား အပြည့်ပေးရန်၊ မြို့ပြအုပ်ချုပ်ရေးအတွက် ကုန်ကျသော စရိတ်များကိုလည်းကောင်း၊ ဗြိတိသျှစစ်ဘက် အုပ်ချုပ်ရေးအတွက် ကုန်ကျခဲ့သော ပစ္စည်းအထောက်အပံ့နှင့် အရာထမ်း အမှုထမ်းများ၏ စရိတ်များနှင့်စပ်လျဉ်း၍ တောင်းဆိုရန်ရှိသည်တို့ကိုလည်းကောင်း၊ သာမန်ဘတ်ဂျက်နှင့် နယ်စပ်ဒေသ ဘတ်ဂျက်များအတွက် ထုတ်ချေးခဲ့သော ငွေများအနက် ပေါင် ၁၅ သန်းကိုလည်းကောင်း ဗြိတိသျှအစိုးရက လျှော်ပစ်သည်။ ကျန်ငွေများနှင့်အတူ စီမံကိန်းများ၏ စရိတ်အတွက် ဗြိတိသျှနိုင်ငံအစိုးရက ထုတ်ချေးခဲ့သော ငွေများအားလုံးကို အနှစ်နှစ်ဆယ်အတွင်း အတိုးမဲ့ နှစ်စဉ်အရစ်ကျ ပြန်လည်ပေးဆပ်ရမည်။ ဤအချက်အလက်များအပါအဝင် ကူးသန်းရောင်းဝယ်ရေးနှင့် ရေကြောင်း၊ လေကြောင်းခရီးသွားလာရေးစာချုပ်ကိုလည်းကောင်း၊ လေကြောင်းစာပို့ဆောင်ရေးနှင့် ငွေလွှဲဆိုင်ရာကိစ္စရပ်များ ပါဝင်သည့်စာပို့ဆောင်ရေးလုပ်ငန်းကိုလည်းကောင်း၊ ဆောင်ရွက်အပ်သည့် အမှုကိစ္စများအပြင် မြန်မာနိုင်ငံတွင် ဗြိတိသျှအကျိုးတူနိုင်ငံစုနှင့် အင်ပါယာတို့၏ စစ်သင်္ချိုင်းမြေများ၊ စစ်သင်္ချိုင်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အရေးများလည်း ပါဝင်သည်။ ဤစာချုပ်ပါ နှစ်ဖက်အစိုးရတို့သည် အခွန်နှစ်ထပ် နှစ်လီထမ်းဆောင်ရခြင်းကို ရှောင်ရှားရန် သဘောတူကြသည်။

ထို့ပြင် အကြမ်းအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ချာတာစာချုပ်အရလည်းကောင်း၊ ထိုချာတာစာချုပ်ရှိ အချက် ၄၃ အရ ချုပ်ဆိုသော အထူးသဘောတူညီချက်များအရလည်းကောင်း စာချုပ်ပါ နှစ်ဖက်နိုင်ငံ သို့မဟုတ် တစ်ဖက်ဖက်သို့ သက်ဆင်းကျရောက်သော သို့တည်းမဟုတ် သက်ဆင်းကျရောက်နိုင်သော အခွင့်အရေးများနှင့် ဝတ္တရားများကို ဤစာချုပ်သည် အကျိုးမယုတ်စေရ။

**နု-အက်တလီစာချုပ် အတည်ပြုပုံ**

နောက်ဆုံးအနေဖြင့် စာချုပ်တွင်ပါရှိသည်မှာ လက်ခံအတည်ပြုရေး စာချွန်တော်များ လဲလှယ်သည်နှင့် တစ်ပြိုင်နက် ဤစာချုပ်အတည်ဖြစ်သည်။ အဆိုပါ လက်ခံအတည်ပြုရေး စာချွန်တော်များ လဲလှယ်ခြင်းကို ဗြိတိသျှနိုင်ငံတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တင်သွင်းရန်ရှိသည့် သင့်လျော်သော ဥပဒေနှင့်လျော်ညီစွာ မြန်မာနိုင်ငံလွတ်လပ်သောနေ့တွင် ပြုရမည်။

အကယ်စင်စစ် ဤစာချုပ်ကို နန်းရင်းဝန် မြန်မာကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိန်ဝန်ကြီးချုပ် ကလင်းမင့် ရစ်ချပ် အက်တလီတို့ နှစ်ဦးက သဘောတူလက်မှတ်ထိုးကြသည်မှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ၁၉၄၇ ခု အောက်တိုဘာ ၁ ရက်နေ့တွင် ဖြစ်သော်လည်း၊ နှစ်ဖက်အသိသက်သေများ လက်မှတ်ရေးထိုးတံဆိပ်ခတ်နိုပ်ကြပြီး စာချုပ်ကို မိတ္တူနှစ်စောင်ပြုကာ တရားဝင်ပြီးပြည့်စုံသည်မှာမူ လန်ဒန်မြို့၌ ၁၉၄၇ ခု အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုရသော် အောင်ဆန်း-အက်တလီစာချုပ်မှ ပင်လုံစာချုပ်ကြီးကို မွေးဖွားပေါ်ထွန်းလာခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်တို့မှ နု-အက်တလီစာချုပ်ဟူသော လွတ်လပ်ရေးကတိစာချုပ်ကို မွေးဖွားကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ မွေးဖွားပေါ်ထွန်းလာရပေသည်။

ဤသို့ဆိုလျှင် ပြည်ထောင်စု စည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဖြစ်သည်မှာ ထင်ရှားလှသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးစတေးကာ အလွန်တရာ ဆင်းရဲပင်ပန်းခက်ခဲစွာဖြင့် ရယူထားခဲ့ကြရသည့် ဘိုးဘွားအမွေအနှစ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှုကြီးကို မပြိုကွဲ မပျက်စီးရလေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်မှာ ပြည်ထောင်စုသားအားလုံး၏ တာဝန်တစ်ရပ်ပါပေ။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Pulses Day 2021 အခမ်းအနားနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတို့သို့ Video Massage ပေးပို့အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၃၀

**World Pulses Day 2021 အခမ်းအနားနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတို့ကို ယနေ့ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Video Message ပေးပို့၍ အမှာစကားပြောကြားသည်။** (ယာပုံ)



World Pulses Day 2021 အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ထွက်ကုန် ပဲမျိုးစုံများ၏ ပြည်ပတင်ပို့မှုအခြေအနေများ၊ ရှေ့အလားအလာများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပြည်ပတင်ပို့မှု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် လယ်ယာကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပဲမျိုးစုံတင်ပို့မှုတွင် ပင်လယ်ရေကြောင်းတင်ပို့မှုမှ ၆၅ ရာခိုင်နှုန်းနှင့် နယ်စပ်မှ တင်ပို့မှုမှ ၃၅ ရာခိုင်နှုန်း အသီးသီးရှိပါကြောင်း။

မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့ရာတွင် ၂၀၁၉ ခုနှစ် စာရင်းများအရ နိုင်ငံပေါင်း ၆၀ ခန့်ကို တင်ပို့လျက်ရှိပြီး အိန္ဒိယ၊ တရုတ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ မလေးရှား၊ ဂျပန်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိပါကြောင်း။

ထူးခြားချက်အနေဖြင့် ကိုဗစ်ကူးစက်ရောဂါကြောင့် အခြားသောပို့ကုန်များ၌ လျော့နည်းကျဆင်းမှုများ တွေ့ရှိရသော်လည်း ပဲမျိုးစုံအပါအဝင် လယ်ယာစိုက်ပျိုးသီးနှံပို့ကုန်များမှာ ကျဆင်းမှုမရှိဘဲ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ပဲမျိုးစုံပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)တွင် ပဲမျိုးစုံကဏ္ဍကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၌ အရည်အသွေးမြင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ သယ်ယူပို့ဆောင်မှု၊ ကြိတ်ခွဲသိုလှောင်မှုစရိတ်လျှော့ချရေး၊ ပြည်ပသို့ ပဲမျိုးစုံ တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်းပဲစားသုံးမှု တိုးမြှင့်ရေး၊ ပဲများကိုကုန်ကြမ်းမှ တစ်ဆင့်မြင့် Value-added ကုန်ချောများအဖြစ် တိုးမြှင့်ထုတ်လုပ်ဖြန့်ချိတင်ပို့နိုင်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပဲမျိုးစုံကဏ္ဍမှာ ဝယ်ယူရောင်းချကြိတ်ခွဲမှုများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၏ အကျိုးစီးပွားကိုသာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ အကျိုးကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

### တက်ရောက်

အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌ၊ ပဲစိုက်တောင်သူကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး EIF Tier-2 အဆင့် စီမံကိန်းဖြစ်သည့် မြန်မာ့ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် Digital Economy Innovation Advocacy Project ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလို ပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

### ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်

ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာသည့်အတွက် e-Commerce၊ Online Learning၊ Telemedicine၊ အွန်လိုင်းအလုပ်အကိုင် ရှာဖွေရေး၊ အွန်လိုင်းဖျော်ဖြေရေး၊ Sharing Economy စသည့် လူမှုစီးပွားကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် CERP တွင် ပါဝင်သည့် e-Commerce နှင့် သက်ဆိုင်သောလုပ်ငန်းစဉ်များအရ COVID-19 ကပ်ရောဂါကာလအတွင်း Offline မှ Online သို့ ကူးပြောင်းမည့် စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြု Good Practice Guide များ ထုတ်ဝေခြင်း၊ SME လုပ်ငန်းများအား ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရန် နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်း၊ ကပ်ရောဂါအလွန် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အကြံဉာဏ်များကို ဖော်ထုတ်နိုင်မည့် Application များကို တီထွင်နိုင်ရေး၊ e-Commerce Guidelines ရေးဆွဲခြင်းနှင့် e-Commerce လုပ်ငန်းများကို မှတ်ပုံတင်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### မူကြမ်းရေးဆွဲနိုင်ရန် ပြင်ဆင်

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် IT နည်းပညာ၊ e-Commerce လုပ်ငန်းများတွင် လူငယ်များ၊ MSMEs အကြား ပိုမိုအသုံးပြုလာစေရန် ကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ e-Commerce Law ကို မူကြမ်းရေးဆွဲနိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ပိုမိုကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Tradenet 2.0 စနစ်ကိုလည်း အဆင့်အလိုက် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးအတွက် မကြာမီဖွင့်လှစ်မည့် ဇေကမ္ဘာ Museum သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကြည့်ရှုလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးအတွက် မကြာမီဖွင့်လှစ်မည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံ ဂေါက်ကွင်းအနီး တည်ဆောက်ထားသည့် ပထမဆုံး ပုဂ္ဂလိက ရှေးဟောင်းပြတိုက် ဇေကမ္ဘာ Museum သို့ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုလေ့လာသည်။ **(အောက်ပုံ)**



### လိုက်လံရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇေကမ္ဘာ Museum အတွင်းလှည့်လည်ကြည့်ရှုရာ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြတိုက်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

### ကြည့်ရှုနိုင်မည်

အဆိုပါပြတိုက်တွင် သမိုင်းမတင်မီ ခေတ်မှ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ စသော ခေတ်အဆက်ဆက်မှ ကိုလိုနီခေတ်အထိ လူ့အသုံးအဆောင်များဖြစ်သည့် လက်နက်၊ အိုးခွက်-ပုတီး-ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ပစ္စည်းပြခန်းများ၊ မြန်မာမှုလက်ရာ ပန်းချီ-ပန်းပု-ရုပ်လုံးရုပ်ကြွ ပန်း ၁၀ မျိုး ပြခန်းများနှင့် ကုန်းနေ၊ ရေနေသတ္တဝါများ၏ မေးရိုး၊ သွား၊ ဦးခေါင်းခွံ၊ ခြေလက်၊ အရိုး၊ မစင်စသည့် ကျောက်ဖြစ်ရုပ်ကြွင်း ပစ္စည်းမျိုးစုံ၊ နှစ်သန်း ၁၁၀ သက်တမ်းရှိ အင်းဆက်မျိုးနွယ်စု ပါဝင်သော မြန်မာ့ပယင်း တွင်းထွက်များ၊ Sivapithecus မျိုးနွယ်စုဝင် ကမ္ဘာ့ရှားပါး လူတူပရိုင်းမိတ် မေးရိုးနှင့် လက်မောင်းရိုးများ၊ နှစ်သန်း ၃၈၀ သက်တမ်းရှိ Trilobite ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သံခေတ်က လူသေအလောင်းကို မြှုပ်နှံမှုများ၊ ကျောက်ခေတ်၊ သံခေတ်ရှေးဟောင်း လက်နက်ကိရိယာများ၊ ကြေးခေတ်၊ သုဝဏ္ဏဘူမိခေတ်၊ ပျူခေတ်၊ ဟန်လင်းခေတ် စသည့် ခေတ်အဆက်ဆက်အသုံးအဆောင်ပစ္စည်းများ၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး စသည်တို့ကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇေကမ္ဘာ Museum ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံ ဂေါက်ကွင်းအနီး မြေကေ ၅ ကေပေါ်တွင် စတုရန်းပေ ၁၆၀၀၀၀ ကျယ်ဝန်းသည့် လေးထပ် အဆောက်အအုံအဖြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

### ဖွင့်လှစ်နိုင်ရန် စီစဉ်ထား

အဆိုပါ ဇေကမ္ဘာ Museum ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပြီး ပြတိုက်ဖွင့်လှစ်ပြီးပါက မြန်မာနိုင်ငံသားများအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် နိုင်ငံခြားသားများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀ ကောက်ခံရန် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊**
**ဓာတ်ပုံ-ဆန်းကျော်ဦး**

# ပျော်ဘွယ်မြို့မဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**ပျော်ဘွယ် ဇန်နဝါရီ ၃၀**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးကြီး မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၂၈ ရက်က ပျော်ဘွယ်မြို့ မြို့မဈေးတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက ဈေးသူ ဈေးသားများအနေဖြင့် မီးသတ်ဆေးဘူးများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး ရှင်းလင်းဆွေးနွေးပြီး ဈေးသူ ဈေးသားများ ကိုယ်တိုင် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ပြုလုပ်စေသည်။

ဆက်လက်၍ မီးငြိမ်းသတ်ယာဉ်များ အသုံးပြု၍ မီးသတ်ပိုက်များဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ၊ Hydraulic Resuce tool များ အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများကို လက်တွေ့သရုပ်ပြသရာ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးသူရအောင်နှင့် ကော်မတီဝင်များ၊ မြို့မဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ လေ့လာကြည့်ရှုပြီး ဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေး ဆောင်ရွက်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၈) တွင် ပါရှိသော အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသတင်း ကော်လံ (၂) ၌ ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ သုံးရာခိုင်နှုန်း(အစား) ပြည်တွင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့သုံး ၃၄ ရာခိုင်နှုန်းဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ရေး လူငယ်များနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

**လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ -၂၀၂၄) အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် Virtual Meeting ဖြင့် ကျင်းပသည်။**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို ၂၀၁၆ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀ – ၂၀၂၄) ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မိတ်ဆက်ဖြန့်ချိခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကြောင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို မူဝါဒများ၊ မဟာဗျူဟာများ စနစ်တကျချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် လူငယ်ရေးရာကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးခြင်း၊ ဌာနကသတ်မှတ်ရန်ပုံငွေများ ခွဲဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

### မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်

လူငယ်ရေးရာမူဝါဒရေးဆွဲပြီးစဉ်ကပင် လူငယ်များဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများက လူငယ်ကဏ္ဍ ဖွံ့ဖြိုးရေးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးကလည်း မဟာဗျူဟာအပေါ် ကနဦးဆောင်ရွက်မှုအနေဖြင့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍကို ရွေးချယ်ခဲ့ပြီး U – Report တွင် ထည့်သွင်းခြင်းနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် ဒေသများအနေဖြင့်လည်း အစီရင်ခံတင်ပြခြင်းကို စနစ်တကျ ဆောင်ရွက်ရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် မဟာဗျူဟာစီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ကိုယ်စားလှယ်များက ကုန်ကျစရိတ်တွက်ချက်ထားသော စီမံချက်များကို ဒေသလိုအပ်ချက်များအပေါ်မူတည်ရေးဆွဲ၍ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းမှုများရရှိနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



သို့ဖြစ်ပါ၍ မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် လူငယ်ရေးရာမူဝါဒပါ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးနှင့် အခြားသောဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့်အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေအနုပညာနှင့်ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူ့နီတိနှင့်နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကျား၊ မ တန်းတူညီမျှရေး၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဆက်ဆံရေး အစရှိသည့် ကဏ္ဍ(၁၆)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များအတွက် အရေးကြီးကဏ္ဍဖြစ်သည့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁ –၂၀၃၀)ကို ပညာရေးဝန်ကြီးဌာနက ချမှတ်ရေးဆွဲလျက်ရှိရာ လူငယ်များပါဝင်နိုင်မည့် အခွင့်အလမ်းများကို ထည့်သွင်းရေးဆွဲထားရှိပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း။

မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို တိုင်းတာရန်အတွက် ကဏ္ဍတစ်ခုချင်းစီအလိုက် မဟာဗျူဟာခွဲများချမှတ်ထားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ဆောင်ရွက်ချက်များ၊ ဆောင်ရွက်မည့်အဆင့်၊ အဓိကနှင့် ပံ့ပိုးရန်တာဝန်ရှိသူများ၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဆန်းစစ်အညွှန်းကိန်းများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်မှုအခြေအနေများကို စုစည်းပေါင်းစပ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့နေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို စတင်ထိုးနှံပေးနေပြီး တစ်နိုင်ငံလုံးအနှံ့ ဆက်လက်ထိုးနှံပေးမည် ဖြစ်သောကြောင့် လူငယ်ထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးပြီးချိန်အထိ စောင့်ဆိုင်းနေ၍လည်းမရကြောင်း၊ မဟာဗျူဟာပါ စီမံချက်များ အကောင်အထည်ဖော်ရေးကို ကိုဗစ်–၁၉ ကာလ သတ်မှတ်စည်းကမ်းများနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေသည့် အချိန်အခါဖြစ်၍ စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေးအတွက် လူငယ်များ၏အင်အားသည် အရေးပါကြောင်း၊ လူငယ်တိုင်းရင်းသားများအားလုံးသည် မိမိတို့လူမျိုးအလိုက် မျိုးချစ်စိတ်များထားရှိသည့်အပြင် အားလုံးစုစည်းညီညွတ်သော တစ်စိတ်တစ်ဝမ်းတည်းဖြစ်သော "ပြည်ထောင်စုစိတ်ဓာတ်" ဖြင့် လူငယ်များ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝ၍ စွမ်းရည်ထက်မြက်သော လူငယ်များဖြစ်ရုံသာမက နိုင်ငံကိုချစ်မြတ်နိုးသော နိုင်ငံချစ်စိတ်ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်အတွက်လည်း လူငယ်များက မိမိတို့ကိုယ်တိုင်စွမ်းရည်များ ဖြည့်ဆည်းထားရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ဥပဒေများကို လေ့လာသိရှိရန်နှင့် ဥပဒေနှင့်အညီ လေးစားလိုက်နာ နေထိုင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

### လူငယ်များ၏ အခွင့်အရေးရရှိ

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀–၂၀၂၄) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုနှင့်အတူ လိုအပ်သည့်ဆွေးနွေးညှိနှိုင်းမှုများ၊ လုပ်ငန်းစီမံချက်များတွင် ဘဏ္ဍာငွေထည့်သွင်းလျာထားမှုများကို ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သက်ဆိုင်ရာ အစိုးရဌာနများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝရရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနက် (၂၀၂၀–၂၀၂၁) ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍ(၆)ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများ၊ သတ်မှတ်အချိန်ကာလတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက် (မူကြမ်း) ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်အသီးသီးက အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်လိုသော လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးခြင်းနှင့် လိုအပ်သော ခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေး၊ လူငယ်စင်တာများအတွက် မြေနေရာရရှိရေး၊ ဌာနဆိုင်ရာများနှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များ ခွဲခြားဆောင်ရွက်ရေး၊ လူငယ်ရေးရာကော်မတီများ၏ လုပ်ငန်းဆိုင်ရာ အသုံးစရိတ်ရန်ပုံငွေများရရှိရေး၊ ကိုဗစ်–၁၉ ကာလ၌ အွန်လိုင်းအစည်းအဝေးများကျင်းပရာတွင် ကြိုတင်ပြင်ဆင်မှုဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြရာ ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာန တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*✻ ကျောဖုံးမှ*

ယနေ့ တပ်ဆင်သော မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားသည် ၂၀၂၁ ခုနှစ်၏ ပထမဆုံးဖြစ်ပြီး ရန်ကုန်မြို့၏ ၃၇ ခုမြောက် တပ်ဆင်ခြင်းလည်း ဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်နိုင်၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့ တာဝန်ယူစဉ်ကတည်းက ရည်မှန်းချက် (၄) ရပ်ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာမှာ မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ဖို့က အဓိကတစ်ချက် ဖြစ်ပါတယ်။ ရန်ကုန်မှာ မြို့ပြအမွေအနှစ် အဆောက်အအုံတွေ အများအပြားရှိတယ်။ အပြာရောင်ကမ္ပည်းပြားတပ်ဆင်တဲ့ ယခုအဆောက်အအုံဟာ အရေးကြီးတဲ့ အထိမ်းအမှတ် အဆောက်အအုံကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ရန်ကုန်မြို့ ပိုမိုတိုးတက်ဖို့ အိမ်ရာစီမံကိန်းတွေကို ဒီနေရာက စခဲ့တာပါ။ အခုလို မြို့ပြအမွေအနှစ်တွေ ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတကာ ခရီးသွားဧည့်သည်တွေကိုလည်း ပြသနိုင်မှာဖြစ်ပါတယ်။ ဒီအဆောက်အအုံဟာ တစ်ချိန်က အိမ်ရာနဲ့ပတ်သက်တဲ့ ပြည်သူတွေ အားကိုးအားထားပြုခဲ့ရတဲ့ နေရာပါ။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ပေးနိုင်တဲ့ ဒီရုံးအဆောက်အအုံကြီး ရန်ကုန်မြို့တော် တည်ရှိနေသရွေ့ သမိုင်းကြောင်းအဖြစ် တည်ရှိနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အဆောက်အအုံကို ၁၉၂၃ ခုနှစ် မတ်လတွင်ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၏ ရုံးအဖြစ် မြန်မာပြည်ဘုရင်ခံ Sir Harcourt Butler က စတင်တည်ဆောက်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်စည်ပင်သာယာအဖွဲ့ အက်ဥပဒေ ပေါ်ပေါက်ခဲ့သော ရန်ကုန်စည်ပင်သာယာရေးအဖွဲ့သည် ၁၉၅၄ ခုနှစ်တွင် ပြည်သူ့အိုးအိမ်အဖွဲ့၊ ၁၉၇၂ ခုနှစ်တွင် အိုးအိမ်ဦးစီးအဖွဲ့၊ ၁၉၇၄ ခုနှစ်တွင် အိုးအိမ်ဌာန၊ ၁၉၉၀ ပြည့်နှစ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၁၅ ခုနှစ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနစသည်ဖြင့် အဆင့်ဆင့်အမည်ပြောင်းအသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး ယနေ့တိုင် အဆောက်အအုံကို အပြည့်အဝအသုံးပြုလျက်ရှိသည်။

"ဒီရုံးအဆောက်အအုံ စဆောက်စဉ် ပထမဆုံးရည်ရွယ်ချက်က စည်ပင်သာယာရေး၊ နောက်ပိုင်း မြို့ပြဖွံ့ဖြိုးရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးအတွက် စီမံတဲ့ဌာနကြီး ဖြစ်လာခဲ့တယ်။ စဆောက်ကတည်းက ရည်ရွယ်ချက်နဲ့ ဆောက်ခဲ့တဲ့ ရုံးအဆောက်အအုံကြီး။ လက်ရှိ နှစ် ၁၀၀ နီးပါးရှိသည့်တိုင် အားကောင်းလုပ်ဆောင်နေဆဲ။ ရန်ကုန်မြို့ တိုးတက်သာယာဖွံ့ဖြိုးရေး လုပ်ဆောင်ခဲ့တဲ့သမိုင်းကြောင့် အရေးကြီးတဲ့ မြို့ပြအမွေအနှစ် သတ်မှတ်ပြီး အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းဖြစ်ပါတယ်။ ကမ္ပည်းပြား တပ်ဆင်တဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့မှာ အရေးကြီးတဲ့ နေရာတွေဆို သမိုင်းကို ပိုပြီးသိ၊ ပိုပြီးတန်ဖိုးထားထိန်းသိမ်းဖို့နဲ့ မသိသေးတဲ့နေရာတွေ၊ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ ဆက်စပ်ခဲ့တယ်ဆိုတဲ့ နေရာတွေကိုလည်း ပိုပြီးလူသိများထင်ရှားလာအောင် ဖော်ထုတ်ခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ယနေ့ နံနက်ပိုင်းက ကျင်းပသည့် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ပွဲ အခမ်းအနားတွင် မီဒီယာများအား ပြောကြားသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့ တပ်ဆင်မှုမှာ ၂၀၂၁ ခုနှစ် အပြာရောင် ကမ္ပည်းပြားတပ်ဆင်မှုတွင် ပထမဆုံးဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်ကာလ အခြေအနေပေါ်မူတည်ကာ ရန်ကုန်စက်မှုတက္ကသိုလ်အပါအဝင် မြို့ပြအမွေအနှစ် အဆောက်အအုံများကို ယခုနှစ်အတွင်း ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊**
**ထင်ပေါ်ဝင်း**
**ဓာတ်ပုံ– မင်းထက်**

# ဖျားတာ၊ ချောင်းဆိုးတာ၊ အသက်ရှူရခက်တာ၊ ရုတ်တရုတ် အနံ့အရသာ ပျောက်တယ်။ ဒီလို သံသယလက္ခဏာတွေ ခံစားရမယ်ဆိုရင် ချက်ချင်း နီးစပ်ရာဆေးရုံ သွားရောက်ဖို့လိုပါတယ်

ဒေါက်တာထွန်းမြင့်

တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)/ဓာတ်ပုံ-ဥက္ကါဖြိုး

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက် ဆောင်ရွက်သွားမယ့် အခြေအနေကို သိချင်ပါတယ်။**

**ဖြေ ။** ။ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းရဲ့ တာဝန်လို့ မယူဆစေလိုပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ကိုယ်ပိုင်အရေးလိုပဲ တာဝန်တစ်ရပ်လို့ ယူဆပြီး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်မှပဲ ကိုဗစ်-၁၉ ကပ်ရောဂါကို အမြန်ဆုံးထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတွေအားလုံးရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ အားလုံးရော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေရော၊ လူမှုရေးအဖွဲ့တွေရော၊ ကုမ္ပဏီတွေရော၊ ပရဟိတအဖွဲ့တွေရော ဒါတွေမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေအားလုံးက တက်တက်ကြွကြွနဲ့ ကိုယ့်အရေးလိုပဲ သဘောထားပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုပူးပေါင်းပါဝင်ပြီးတော့ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစု စီမံချက်ကို အမျိုးသားအဆင့် ကျန်းမာရေးလှုပ်ရှားမှု အသွင်နဲ့ ဆောင်ရွက်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြတဲ့အခါ ဆောင်ရွက်ဖို့ ဝန်ကြီးဌာနကို ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ခွင့်ပြုခဲ့တဲ့အတွက်ကြောင့်မို့လို့ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစု စီမံချက် ဖြစ်ပေါ်လာတာပါ။ ဒီဟာကို အမူအကျင့်အနေနဲ့ ပြောင်းလဲသွားဖို့ အမျိုးသားအဆင့် ကျန်းမာရေးလှုပ်ရှားမှု အသွင်နဲ့ အနည်းဆုံး နှစ်လလောက် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညွှန်ကြားထားပါတယ်။ ဒါကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနမှူးတွေနဲ့ ကြပ်မတ်ဆောင်ရွက်သွားဖို့ ဖြစ်လာတာပါ။ ကနဦး တင်ပြရရင် တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစု စီမံချက်ပါ။ ဒါကို ဆောင်ရွက်ဖို့အတွက်လည်း ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနက ကျွန်တော်တို့ကို ဇန်နဝါရီ ၁၄ ရက်နေ့က အကြောင်းကြားလာတာဖြစ်ပါတယ်။

**မေး ။ ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို ဘယ်လို ရည်ရွယ်ပြီး ဆောင်ရွက်တာလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ ။** ။ မိသားစုအဆင့်ကနေ အစပြုပြီးတော့ မိတ်ဆွေ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေ၊ အိမ်နီးနားချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေအချင်းချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပေး၊ သတိပေး ပြောကြားခြင်းဖြင့် အဖွဲ့အစည်းတွေ၊ ဌာနတွေ၊ လူ့ပတ်ဝန်းကျင် ဒီဟာတွေကို ရောဂါကာကွယ်ရေး အမူအကျင့်ကောင်းတွေ အဆင့်ဆင့် ပျံ့နှံ့ရောက်ရှိပြီးတော့ အဲဒီကနေတစ်ဆင့် တစ်နိုင်ငံလုံး ပျံ့နှံ့လွှမ်းခြုံပြီး ပြည်သူလူထုကလည်း အမူအကျင့်ပြောင်းလဲလာမှုတို့နဲ့အတူ ကိုဗစ်-၁၉ ရောဂါကို အမြန်ဆုံး ကာကွယ်ထိန်းချုပ်နိုင်ဖို့ဆိုပြီးတော့ ရည်ရွယ်ပြီး ဒီစီမံချက်ကို ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး ။ ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို ဘယ်လို ပုံစံနဲ့ ဆောင်ရွက်မှာလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ ။** ။ ပြည်ထောင်စုဝန်ကြီးရုံးတွေ၊ ဌာနအဆင့်အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ စက်ရုံ၊အလုပ်ရုံ အကုန်ပါပဲ။ အဲဒါတွေမှာရှိတဲ့ ဝန်ထမ်းတွေက ကိုယ့်မိသားစုဝင်တွေ၊ မိတ်ဆွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေ၊ အိမ်နီးနားချင်းတွေ ဒါတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လူမှုကွန်ရက် စာမျက်နှာနဲ့ အင်တာနက် စာမျက်နှာတွေမှာ ဖော်ပြထားတဲ့ အသိပေး၊ သတိပေး ပြောကြားရမယ့် အချက် ၈ ချက်ရှိပါတယ်။ ဒီ ၈ ချက်ကို မျှဝေပြောကြားရမှာဖြစ်ပါတယ်။ ဒီလို အစုတွေက အဖွဲ့အစည်းတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်မယ်ဆိုရင် အဲဒီအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေကို ဖော်ပြတဲ့ အချက် ၈ ချက်ကို အသိပေးခြင်း၊ လိုက်နာမှု မရှိဘူးဆိုရင် ဒါတွေကို အသိပေးခြင်းဆောင်ရွက်တာ အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ လူမှုကွန်ရက်စာမျက်နှာနဲ့ အင်တာနက်စာမျက်နှာတွေကို မပျက်ကြည့်ရှုလေ့လာစေဖို့ သတိပေးခြင်းကို ပြည်သူလူထု တစ်ဦးဟာ သူ့ရဲ့တာဝန်တစ်ရပ်အနေနဲ့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါက ကိုယ်ဖြစ်ကိုယ်ခံ ရောဂါမဟုတ်ဘူး။ ကိုယ်ဖြစ်လို့ရှိရင်လည်း ကိုယ့်ရဲ့အနီး ပတ်ဝန်းကျင်မှာရှိတဲ့လူတွေကို ကူးစက်နိုင်တယ်ဆိုတဲ့ အချက်ကို ပြည်သူတွေအားလုံး မိသားစုဝင်တွေအားလုံး သိရှိနားလည်ပြီးတော့ ကောင်းမွန်တဲ့ခံယူချက်တွေနဲ့ တစ်ဦးကနေအများ ရောဂါကူးစက်ခံရမှု မရှိစေရေးက အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ အချင်းချင်း အသိပေး၊ သတိပေး ပြောကြားရမယ့်အချက်တွေကို ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ပြီးရင်လည်း မျှဝေရမှာဖြစ်ပါတယ်။ ဒီလို ကိုယ်တိုင် လိုက်နာခြင်း၊ မျှဝေခြင်းတွေကို အမျိုးသားရေးအသွင်နဲ့ အင်တိုက်အားတိုက် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုသာ ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကို အမြန်ဆုံး ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်မှာ အသိပေး သတိပေး ပြောကြားရမယ့် အချက် ၈ ချက်ကိုလည်း ရှင်းပြပေးပါ။**

**ဖြေ ။** ။ (၁) ကိုဗစ်-၁၉ ရောဂါက ပိုးရှိမရှိ အမြင်နဲ့ မသိနိုင်ပါဘူး။ ဒီအချက်ကို အသိပေးရမှာ ဖြစ်ပါတယ်။ ရောဂါပိုး တွေ့တဲ့သူတွေရဲ့ ၆၃ ရာခိုင်နှုန်းလောက်က ရောဂါလက္ခဏာ မပြပါဘူး။ သာမန်အတိုင်း နေထိုင်လို့ကောင်းတယ်။ ကျန်းကျန်းမာမာပါပဲ။ ကြည့်လိုက်ရုံနဲ့တင် အမြင်အားဖြင့် ရောဂါပိုးရှိတယ်လို့ မသိနိုင်ပါဘူး။ မသိနိုင်တဲ့အတွက်ကြောင့် ပိုပြီးအရေးကြီးပါတယ်။ ရောဂါရှိတဲ့သူတွေကလည်း ကိုယ့်ထံမှာ ရောဂါရှိနေပေမယ့်လည်း မသိနိုင်ပါဘူး။ ဒီလိုမသိနိုင်ပါဘူးဆိုတာကို ပြည်သူလူထုကို အသိပေးတာ ဖြစ်ပါတယ်။ ရောဂါပိုးရှိတယ်ဆိုတာ အမြင်နဲ့ မသိနိုင်ပါဘူးဆိုတာ အသိပေးရမှာ ဖြစ်ပါတယ်။

(၂) ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပုံကို ပြည်သူလူထုကို အသိပေးရမှာ ဖြစ်ပါတယ်။ ဘယ်လို ကူးစက်သလဲဆိုတော့ ကိုရိုနာဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်လေးတွေက အသက်ရှူထုတ်ခြင်းကနေတစ်ဆင့် ၅ ပေလောက်အထိ ရောက်နိုင်ပါတယ်။ နောက်တစ်ခါ စကားကျယ်ကျယ် လောင်လောင်ပြောမယ်။ သီချင်းဆိုမယ် ဆိုရင်တော့ ပိုပြီးတော့ကို ကွာဝေးတဲ့ အကွာအဝေးအထိ ရောက်နိုင်တယ်။ ချောင်းဆိုးမယ်ဆိုရင် အဲဒီကနေတစ်ဆင့် တစ်စက္ကန့်ကို ၃၃ ပေနှုန်းနဲ့ ခြောက်ပေခွဲလောက်အထိ နှာချေလိုက်မယ်ဆိုရင် တစ်စက္ကန့်ကို ၁၆၄ ပေနှုန်းနဲ့ ၁၉ပေခွဲခန့်အထိ ပျံ့နှံ့ရောက်ရှိနိုင်ပါတယ်။ အဲဒီလိုရောက်နိုင်တဲ့ အခြေအနေမှာ အလွန်ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါ ဘယ်လိုအခြေအနေမှာ အထူးသတိထားရမလဲဆိုတော့ အလုံပိတ်အခန်းတွေ၊ အဲယားကွန်းအခန်း



ဒေါက်တာထွန်းမြင့်

တွေ၊ လေဝင်၊ လေထွက်မကောင်းတဲ့ အခန်းတွေမှာ ရောဂါပိုးက ပိုပြီးလွယ်လွယ်ကူကူ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ နောက်ပြီး ဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်တွေက ရောဂါပိုးရှိသူရဲ့ လက်မှာလည်း ကပ်နေနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းကထွက်ရင်လည်း အဲဒီကနေတစ်ဆင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေ အများသုံး ပစ္စည်းတွေပေါ်မှာ ကပ်တင်ကျန်ရှိနေပြီးတော့ အဲဒီအရာဝတ္ထုတွေကို ကိုင်တွယ်မိသူတွေ တခြားသူတွေရဲ့ လက်မှာ ဆက်လက်ကပ်ငြိနေမယ်ဆိုရင် စနစ်တကျ လက်မဆေးဘဲ နှာခေါင်းတို့၊ ပါးစပ်တို့၊ မျက်လုံးတို့ ကိုင်တွယ်မိမယ်ဆိုရင် ရောဂါပိုးကူးစက်နိုင်ပါတယ်။ ဒါကိုအသိပေးရမှာ ဖြစ်ပါတယ်။

(၃)ကိုဗစ်-၁၉ရောဂါ အလွယ်တကူ ကူးစက်နိုင်တဲ့ အခြေအနေကို အသိပေးရမယ်။ Mask မတပ်ဘဲ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအတွင်း နီးကပ်စွာ ပြောဆိုဆက်ဆံခြင်း၊ ဝိုင်းဖွဲ့စကားပြောတာ၊ အတူစုဝေး စားသောက်တာ၊ မျက်နှာချင်းဆိုင် စားသောက်တာ၊ အလုံပိတ်အခန်းထဲ လေဝင် လေထွက် မကောင်းတဲ့အခန်းထဲ တခြားသူတွေနဲ့ နေထိုင်လုပ်ကိုင်တာတွေ လူစုလူဝေးရှိတဲ့နေရာကို သွားရောက်တာတွေ ဒါတွေက ကိုဗစ်-၁၉ ရောဂါ အလွယ်တကူ ကူးစက်နိုင်ပါတယ်။

(၄) ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာ ခံစားရနိုင်သူတွေ ဒါတွေကို အသိပေးထားတာပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူတွေရဲ့ ၉၂ ရာခိုင်နှုန်းခန့်မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာ စတဲ့ နာတာရှည်ရောဂါ အခံရှိတဲ့သူတွေ ဖြစ်တာကို တွေ့ရပါတယ်။ အဲဒီသူတွေက ကူးစက်ခံရခြင်းကြောင့် သေဆုံးသူတွေအနက် သေဆုံးပြီးမှ ဆေးရုံရောက်လာတဲ့သူက ၁၀ ရာခိုင်နှုန်းရှိတယ်။ ဆေးရုံကိုရောက်ပြီး ၂၄ နာရီအတွင်း သေဆုံးသူက ၂၁ ရာခိုင်နှုန်းရှိတယ်။ သေဆုံးသူတွေရဲ့ ၃၁ ရာခိုင်နှုန်းက ဆေးရုံကို အချိန်မီမရောက်တဲ့အတွက် သေဆုံးတာကို တွေ့ရတယ်။ အသက်ကြီးသူတွေနဲ့ ရောဂါအခံရှိသူတွေ အိမ်ပြင်ကိုတော့ လုံးဝမထွက်ဘူး။ ဒါပေမယ့် အပြင်ထွက်နေတဲ့ အတူနေမိသားစုတွေကနေတစ်ဆင့် သူ့ဆီကို ရောဂါကူးစက်ခံရနိုင်တယ်။ အဲဒီလိုနဲ့ပဲ ရောဂါဖြစ်ပွားမှုတွေ တွေ့နေရပါတယ်။ အသက်ကြီးတဲ့သူတွေ၊ ရောဂါအခံရှိတဲ့သူတွေအနေနဲ့ အပြင်အထွက်များတဲ့ အိမ်သားတွေနဲ့ အနီးကပ်မနေသင့်ပါဘူး။ ဒါကို အသိပေးရမယ်။

(၅) ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တချို့ဟာ အသက်ရှူရ အလွန်ခက်ခဲပါတယ်။ ခက်ခဲတဲ့အတွက် အထူးကြပ်မတ်ကုသဆောင်ထဲမှာ ကုသမှုအမျိုးမျိုး ပေးရပါတယ်။ အောက်ဆီဂျင်ပေးတာတွေ၊ ပိုက်ထည့်ပြီးတော့ အသက်ရှူကူတဲ့စက် တပ်ရတာတွေ၊ သွေးရည်ကြည် ကုထုံး စတာတွေနဲ့ ကုသရတာတွေရှိပါတယ်။ ရောဂါ ပြင်းပြင်းထန်ထန် ခံစားရရင်လည်း အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်တယ်။ ဒီလိုရောဂါ ပြင်းပြင်းထန်ထန် ခံစားရနိုင်တယ်ဆိုတာ ပြည်သူလူထုကို အသိပေးထားဖို့ လိုပါတယ်။

(၆)ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေပေါ့။ ဆိုးကျိုးတွေဆိုရင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတွေ ထဲကနေ တချို့ ရောဂါကပြန်လည်သက်သာပြီး ကောင်းမွန်လာတယ်။ ကောင်းလာတယ်ဆိုပေမယ့်လည်း ရေရှည်ဆိုးကျိုးအနေနဲ့က နှလုံး၊ အဆုတ်၊ ဦးနှောက်၊ အာရုံကြော၊ သွေးကြောတွေမှာ သွေးခဲတာတွေ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရတာတွေ၊ အလွန်အမင်းမောပန်းတာတွေ၊ ချောင်းဆိုးတာတွေ၊ နာတာရှည်ကျန်းမာရေးပြဿနာတွေကို ခံစားနေရတယ်ဆိုတာ နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့ တွေ့ရတယ်။ ဒါကိုလည်း အသိပေးရမယ်။

(၇)ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ရေးနည်းလမ်းတွေကို အသိပေးရမယ်။ တက်နိုင်သမျှအိမ်မှာနေကြပါ။ အပြင်ထွက်ရင် Mask တပ်ကြပါ။ လူအများနဲ့ ထိတွေ့ဆက်ဆံရတဲ့သူတွေ အနေနဲ့ Face Shield ကိုပါ တွဲဖက်ပြီးတော့ အသုံးပြုဖို့ လိုပါတယ်။ Mask နဲ့ Face Shield မတပ်တဲ့ ဈေးရောင်းသူတွေဆီကနေ ဈေးလုံးဝမဝယ်ပါနဲ့ဆိုပြီး အသိပေးမယ်။ ဈေးမသွားခင် ဈေးဝယ်မယ့်စာရင်းကို အိမ်မှာရေးပြီး စာရင်းလေးနဲ့ ဈေးကိုသွား။ ဈေးသွားတဲ့အချိန်မှာလည်း Mask တပ်ထားမယ်။ ဈေးမြန်မြန်ဝယ်ပြီး ပြန်မယ်။ ဒါတွေ လုပ်ဆောင်ဖို့လိုပါတယ်။ ဒီကာကွယ်ရေးနည်းလမ်းတွေက လိုက်နာရမှာပါ။ ဈေးထဲရောက်ရင်လည်း တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာ ခပ်ခွာခွာနေကြဖို့ လိုပါတယ်။ ဈေးထဲသွားပြီး လူစုလူဝေး မဖြစ်သင့်ဘူး။ ဒါကိုတော့ ဘယ်နေရာသွားသွား ရှောင်ကြရမှာဖြစ်ပါတယ်။ လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် ဆေးကြောတာ ဒါတွေဟာ ကာကွယ်ရေးနည်းလမ်းတွေပါပဲ။ ဒါတွေကို အသိပေးသွားမယ်။

အကယ်၍ ဖျားတာ၊ ချောင်းဆိုးတာ၊ အသက်ရှူရခက်တာ၊ ရုတ်တရက် အနံ့အရသာ ပျောက်တယ်။ ဒီလို သံသယ လက္ခဏာတွေ ခံစားရမယ်ဆိုရင် ချက်ချင်း နီးစပ်ရာဆေးရုံ သွားရောက်ဖို့လိုပါတယ်။ ပြည်သူလူထု အနေနဲ့ကတော့ မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း တစ်ဦးနဲ့တစ်ဦး အသိပေးပါ။ သတိပေးပါ။

(၈)ကာကွယ်ရေး နည်းလမ်းတွေကို လူတိုင်း မိသားစုတိုင်း ပါဝင်ဆောင်ရွက်နေဖို့ လိုပါတယ်ဆိုတာ ပြည်သူလူထုကို အသိပေးမယ်။ ဒီလိုကာကွယ်ရေး နည်းလမ်းတွေကို လူတိုင်း မိသားစုတိုင်း တိတိကျကျ လိုက်နာ ဆောင်ရွက်ခြင်းမရှိရင် အလွန်တရာ ထိန်းချုပ်ရန် ခက်ခဲတဲ့ အစုလိုက် အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွေ ထပ်ကာထပ်ကာ ကြုံရလိမ့်မယ်။ အဲဒီလို ထပ်ကာထပ်ကာ ကြုံရမယ်ဆိုရင် မိသားစုဘဝတွေ ထိခိုက်မယ်။ တစ်ဖက်မှာလည်း လူမှုရေးတွေ ထိခိုက်မယ်။ စီးပွားရေးတွေထိခိုက်မယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုက ထိခိုက်တော့မှာပါ။ ဒီဟာကို လူတိုင်း၊ မိသားစုတိုင်း ပါဝင်ဖို့လိုတယ်ဆိုတာကို တစ်ဦးကိုတစ်ဦး အသိပေးဖို့ သတိပေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ကျန်းမာရေးအသိနဲ့ လိုက်နာရမယ့်အချက်တွေ အချင်းချင်း အသိပေးမယ်ဆိုရင် ဆင့်ကဲဆင့်ကဲ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရရှိနိုင်ပါသလဲ။**

**ဖြေ ။** ။ ဌာနအဖွဲ့အစည်း အကြီးအကဲဆိုရင် အိမ်မှာ မိသားစုဝင်တွေရှိမယ်။ ဌာနမှာဆိုရင် အဆင့်ဆင့် ဝန်ထမ်းတွေရှိမယ်။ အကြီးအကဲက သူ့ရဲ့ မိသားစုဝင်တွေ၊ ဝန်ထမ်းတွေကို ပြောလိုက်မယ်ဆိုရင် ဒီဝန်ထမ်းတွေထဲမှာလည်း လူပျို၊ အပျို ဝန်ထမ်းလည်းရှိမှာပဲ။ အိမ်ထောင်သည် ဝန်ထမ်းလည်းရှိမှာပဲ။ သူတို့ကနေ လက်ဆင့်ကမ်းလိုက်မယ်ဆိုရင် သူတို့ရဲ့ မိဘတွေ၊ သား၊ သမီး၊ တူ၊ တူမတွေ၊ မိသားစုဝင်တွေ ဆီရောက်သွားမယ်။ သူတို့ကနေထပ်ပြီး လက်ဆင့်ကမ်းမယ်ဆိုရင် သူငယ်ချင်း၊

*စာမျက်နှာ ၁၂ သို့*

# ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် ညနေ ၆ နာရီက သတင်းအရ ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ လိန်းလီတံတားတွင် ပင်လောင်းမှ ပေါင်းလောင်းဘက်သို့ အာကာစိုးမိုး(ခ) အာကာ မောင်းနှင်ပြီး ပြည့်စုံဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး ယင်းဆေးပြားများကို တန့်ယန်းမြို့ အမှတ်(၄) ရပ်ကွက်နေ စိုင်းနောင်(ခ) စိုင်းကျော်လင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



အာကာစိုးမိုး (ခ) အာကာ၊ ပြည့်စုံဦးတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၉) ရပ်ကွက် အကောက်ခွန် (၃)လမ်း၌ သတင်းရယူ စုံစမ်းဆောင်ရွက်နေစဉ် ကြိုတင်သတင်းရရှိထားသူ ရွှေမိုး မောင်းနှင်ပြီး ၎င်း၏ဇနီး မနန်းဝင့်ဝင့်ဝါ လိုက်ပါလာသည့် YGN-4D/---- မတ်တူးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အလေးချိန် ၅၀၀၀ ဂရမ်ခန့် တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့နေထိုင်သည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၉) ရပ်ကွက် တိမ်ညို ၁ လမ်း အမှတ် ၇၂၆ ရှိနေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းရှိ ခရီးဆောင်အိတ်အတွင်းမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀၊ အလေးချိန် ၇၂၀၀ ခန့် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ ရွှေမိုးပါ နှစ်ဦးကို စစ်ဆေးရာ အဆိုပါမူးယစ်ဆေးဝါးများမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉)ရပ်ကွက် အကောက်ခွန် ၃ လမ်း အမှတ် ၇၀ နေ နေဇင်လတ်(ခ)စိုးလင်းက ဖြန့်ဖြူးရောင်းချရန် အပ်ထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နေဇင်လတ် (ခ) စိုးလင်းအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ၎င်းအား ဖမ်းဆီးရမိရေး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ရမည်းသင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု ကြက်လျှာကျေးရွာ၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းတို့တွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ရွှေမိုး၊ မနန်းဝင့်ဝင့်ဝါတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ၂၀၂၀ ပြည့်နှစ် World Lethwei Awards အတွက် ဆုရရှိသူများကို WLC က ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ စီစဉ်ကျင်းပသည့် World Lethwei Championship (WLC) သည် ၂၀၂၀ ပြည့်နှစ်အတွက် အကောင်းဆုံးဆုများအဖြစ် ချီးမြှင့်မည့် World Lethwei Awards အတွက် ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။




Legend of The Year ဆု ရရှိသည့် တွေ့မရှောင်။

၂၀၂၀ ပြည့်နှစ် World Lethwei Awards အတွက် ဆုရရှိသူများကို ရွေးချယ်ရာတွင် ပရိသတ်က မဲပေးရွေးချယ်သည့်ဆုများနှင့် WLC က သီးသန့်ချီးမြှင့်သည့်ဆုများဟူ၍ ကဏ္ဍ နှစ်ရပ် ပါဝင်ခဲ့ကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် World Lethwei Awards ဆုပေးပွဲအခမ်းအနားကို ကိုဗစ်-၁၉ ကပ်ရောဂါတားဆီးရေး ကန့်သတ်ချက်များကြောင့် လတ်တလောကာလတွင် ကျင်းပမည်မဟုတ်ဘဲ ကန့်သတ်ချက်များဖြေလျှော့ချိန်၌ ဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများအတွက် အခြားအထူးအစီအစဉ်များလည်း စီစဉ်ပေးသွားဖြစ်ကြောင်း WLC က ထုတ်ပြန်ကြေညာသည်။

ပရိသတ် မဲပေးရွေးချယ်မှုအရ အကောင်းဆုံးဆုရရှိခဲ့သူများ Fighter of The Year – အန်တိုနီယိုဖာရီယာ(ပေါ်တူဂီ)၊ Female Fighter of The Year– ဆိုရိုစ်မန်ဖရက်ဒီ (ပြင်သစ်)၊ International Fighter of The Year – အယ်လန်ဂါရီအာယွတ် (မော်ရိုကို)၊ Breakout Fighter of The Year – ဆင်မြူရယ်တော့စ်ကာနို (အီတလီ)၊ Newcorner of The Year – စိုးမင်းအောင် (မြန်မာ)၊ Knockout of The Year– ဆိုရိုစ်မန်ဖရက်ဒီ (ပြင်သစ်)နှင့် မိုင်ရာကာက်ဇ် (စပိန်)၊ Fight of The Year – ဆိုရိုစ်မန်ဖရက်ဒီ (ပြင်သစ်) နှင့် မိုင်ရာကာက်ဇ် (စပိန်)၊ Comeback of The Year– စိုးမင်းအောင် (မြန်မာ)၊ Upset of The Year – တူးတူး (မြန်မာ)နှင့် တူတာဗို့ (ဥဇဘက်ကစ္စတန်)၊ Myanmar Fighter of The Year – ရွှေရာမာဉ်၊ Legend of The Year – တွေ့မရှောင် တို့ဖြစ်ပြီး WLC က သီးသန့်ချီးမြှင့်သည့် ဆုရရှိခဲ့သူများမှာ Event of The Year – WLC: BattlebonesWinner Celebration of The Year – စိုးမင်းအောင် (မြန်မာ)၊ Coach of The Year – ချာလ်တန် (ဆိုရိုစ်မန်ဖရက်ဒီ၏နည်းပြ)၊ Myanmar Referee of The Year – ဦးအောင်မွန်၊ Foreign Referee of The Year– ခူးမာရန်း (မလေးရှား)၊ Journalist of The Year– ဇော်ဇော်ထွန်း (ရိုးရာလေး) တို့က အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# မိုးညှင်းမြို့နယ်၌ အမျိုးသားတစ်ဦး ရထားကြိတ်သေဆုံး

**မိုးညှင်း ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မင်းကုန်းဘူတာနှင့် ပင်းဘောဘူတာကြားတွင် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက အမျိုးသားတစ်ဦး ရထားကြိတ်ခံရပြီး သေဆုံးမှု ဖြစ်ပွားသည်။

မိုးညှင်းမြို့နယ် ပင်းဘောနယ်မြေရဲကင်းစခန်းမှူး ဒုတိယရဲအုပ်ကျော်ထွန်းဦး ဦးစီးသောအဖွဲ့သည် လူတစ်ဦး ရထားကြိတ်ခံရသဖြင့် သေဆုံးနေကြောင်း သတင်းအရ အခင်းဖြစ်ပွားသည့် မင်းကုန်းဘူတာနှင့် ပင်းဘောဘူတာကြား မီးရထားလမ်း မိုင်တိုင်အမှတ် ၆၆၂ / ၂၂ နှင့် ၂၃ ကြားတွင် နေရပ်လိပ်စာ၊ အမည်မသိအမျိုးသားတစ်ဦး ရထားကြိတ်ခံရသဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းဖြစ်စဉ်အား ပင်းဘောနယ်မြေရဲကင်းစခန်းက သေမှုသေခင်းဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

○ *ကျောဖုံးမှ*

အားစိုက်ကစားလာဖွယ်ရှိနေသည်။ ချယ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲ ၂၀ ကစားပြီးချိန်တွင် ရမှတ် ၃၀ သာရရှိထားသေးသည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် ဘန်လေအသင်းက ၁၉ ပွဲတွင် ရမှတ် ၂၂ မှတ် ရရှိထားပြီး တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေခြင်းကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ ဘန်လေအသင်းသည် ချယ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် နောက်ဆုံးခြောက်ကြိမ်တွင် အနိုင်ရရှိထားခြင်းမရှိသည့်အတွက်လည်း ယခုပွဲစဉ်ကို အနိုင်ရရှိရန် အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိနေသည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်ပြီးလျှင် မော်ရင်ဟို၏ စပါးအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သောကြောင့် ဘန်လေအသင်းကိုအနိုင်ရရှိရန် လိုအပ်နေသည်။ ဘန်လေအသင်းကလည်း နည်းပြ ကလော့ပ်၏ လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ တန်းဆင်းဇုန်က ဖူလ်ဟမ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ကစားရခက်ခဲသည့် အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-နှစ်ဂိုးစသည်ဖြင့် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရယူထားနိုင်သည့်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ယနေ့ည၏ အခြားသော စိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသကာ ပုံစံကောင်းရရှိနေသည့် ဝက်စ်ဟမ်းအသင်းနှင့် အသင်းကြီး လီဗာပူးအသင်းတို့ ဆုံတွေ့နေသည်။ အဆိုပါပွဲစဉ်ကို ယနေ့ည ၁၁ နာရီတွင် ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပွဲစဉ် ၂၀ တွင် ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့အပြင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင်လည်း ငါးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အသင်းဖြစ်သည်။ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်လျှင် ဝက်စ်ဟမ်းအသင်းသည် ပွဲ ၂၀ ကစားပြီး ရမှတ် ၃၅ မှတ် ရရှိထားသည်။ လီဗာပူးအသင်းသည် ဘန်လေ၊ မန်ယူအသင်းတို့ကို နှစ်ပွဲဆက် ရှုံးနိမ့်ထားသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ လီဗာပူးအသင်းသည် ယခုဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်ပြီးလျှင် ဘရိုက်တန်၊ မန်စီးတီး၊ လက်စတာ၊ လိုက်ပ်ဇစ်စသည့် အသင်းကြီးများနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် နည်းပြ ကလော့ပ်အနေဖြင့် ယခု ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ် ပွဲ ၂၀ ကစားပြီးချိန်တွင် ရမှတ် ၃၇ မှတ် ရရှိထားသည်။ ထို့ကြောင့် ဝက်စ်ဟမ်းအသင်းနှင့် လီဗာပူးအသင်းတို့ကြား ရမှတ်ကွာဟမှုမှာ နှစ်မှတ်သာရှိထားသည့်အတွက် ယခုပွဲစဉ်သည် ကြည့်ကောင်းမည့်ပွဲကောင်း တစ်ပွဲဖြစ်လာမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနှင့် လီဗာပူးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်တွင် လီဗာပူးအသင်းကသာ သုံးကြိမ်စလုံး အနိုင်ရရှိထားသည်။ သို့သော်လည်း လီဗာပူးအသင်းအနေဖြင့် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသကာ ပုံစံကောင်းရရှိနေသည့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

တတိယအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်ကို ယနေ့နံနက်ပိုင်းက Video Conferencing ဖြင့်ပြုလုပ်ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးသည်။

ကွန်ဂရက်တွင် ရှေးဦးစွာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုပေးပို့သည့် ကြိုဆိုနှုတ်ခွန်းဆက်စကား ဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၉ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေနှင့် လက်ကျန်စာရင်း၊ ဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ အမြဲတမ်းညွှန်ကြားချက်နှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် ဥပဒေစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် အဆိုပြုခြင်း၊ အတည်ပြုခြင်းများပြုလုပ်ခြင်းများပြုလုပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက ၂၀၂၁ အတွင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ငွေကြေးသုံးစွဲမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော ကိုယ်စားလှယ် များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၀ ပြည့်နှစ်အတွင်း လှုပ်ရှားမှု များကို Video Clip ဖြင့်ပြသပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ မြို့နယ်ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်သစ် ကိုးမြို့နယ်ဖြစ်သော ချင်းပြည်နယ်မှ ထန်တလန်မြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ မတူပီမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီးမှ ညောင်ဦးမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ နေပြည်တော်ကောင်စီမှ တပ်ကုန်းမြို့နယ်ဘောလုံးအဖွဲ့ချုပ်၊ လယ်ဝေးမြို့နယ်ဘောလုံးအဖွဲ့ချုပ်၊ ဇမ္ဗူသီရိမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ ပုဗ္ဗသီရိမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ ဒက္ခိဏသီရိမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ ဇေယျာသီရိမြို့နယ် ဘောလုံးအဖွဲ့ချုပ် အမည်စာရင်းများကို ကြေညာခဲ့သည်။

**ညီမြတ်သော်တာ**

# အာရှပစိဖိတ်ကင်းထောက်ကော်မတီနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ပူးပေါင်းပြီး ပထမအကြိမ် မြန်မာကင်းထောက်ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူကာ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ ပထမအကြိမ် ပူးပေါင်းဖွင့်လှစ်သည့် မြန်မာကင်းထောက်ဆရာဖြစ်သင်တန်း (Advance Unit Leader Training) ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် Virtual Conferencing စနစ်ဖြင့် ဖွင့်လှစ်သည်။ **(ယာပုံ)**

### မွန်မြတ်သော ကင်းထောက်စိတ်ဓာတ်

ရှေးဦးစွာ မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာ တင်မျိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာ့ကင်းထောက်လှုပ်ရှားမှုများ နှစ်ပေါင်း(၅၀) ခန့် ရပ်ဆိုင်းခဲ့ရသဖြင့် ကင်းထောက်ပညာရပ်များ သင်ပြပေးနိုင်သော နိုင်ငံတကာအသိအမှတ်ပြုကင်းထောက်နည်းပြဆရာများ မရှိသေးသဖြင့် ကင်းထောက်ပညာရပ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးတကြီး လိုအပ်ချက်ကို ဖြည့်ဆည်းကြရန် မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ၏ လမ်းညွှန်မှုအရ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်သည့် သင်တန်းဖြစ်၍ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပြီး သင်ကြားပြသပေးကြသည့် နိုင်ငံအသီးသီးမှ ပညာရှင်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပထမအကြိမ်သင်တန်းများ တက်ရောက်ခွင့်ရကြသူများကလည်း နိုင်ငံ၏စေတနာ၊ သင်ပြသူများ၏ မေတ္တာကိုလေးစားကြပြီး မွန်မြတ်သော ကင်းထောက်စိတ်ဓာတ်ဖြင့် သင်ပြသမျှပညာရပ်များကို ပြည့်ပြည့်ဝဝ ရရှိရန် ကြိုးစားသင်ယူကြမည်လို့ ယုံကြည်ပါကြောင်း ပြောကြားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinam က အမှာစကားပြောကြားသည်။



### စာတွေ့ လက်တွေ့ သင်ကြားပေး

သင်တန်းကာလမှာ ဇန်နဝါရီ ၃၀၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၆ ရက်အထိဖြစ်ပြီး အာရှပစိဖိတ်ကင်းထောက်ကော်မတီဝင် စင်ကာပူနိုင်ငံကင်းထောက်ချုပ် Mr. Antong နှင့် ဟောင်ကောင်ကင်းထောက်ချုပ် Mr. Wilson LAI Waisang တို့ဦးဆောင်ပြီး ဂျပန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက် ကင်းထောက်ချုပ်နှင့် ကင်းထောက်ပညာရှင်များ က စာတွေ့၊ လက်တွေ့ Online စနစ်ဖြင့် သင်ကြားပေးကြမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ကင်းထောက်ချုပ်၊ ဒုတိယကင်းထောက်ချုပ်၊ ကင်းထောက်မှူးချုပ်များ၊ နိုင်ငံတကာဆက်သွယ်ရေးမှူး၊ ကင်းထောက်ကြီးများ၊ လူငယ်ညှိနှိုင်းရေးမှူးများ၊ ကင်းထောက်ဆရာများ၊ Rover ကင်းထောက်လူငယ်များ ၃၀ က ပထမသုတ်အဖြစ် တက်ရောက်ကြမည်ဖြစ်ပြီး ဒုတိယသုတ်သင်တန်းကို မတ်လတွင် တက္ကသိုလ်အသီးသီးမှ Rover ကင်းထောက်ခေါင်းဆောင် ၃၀ တို့အတွက် ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ညောင်ရွှေမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ညောင်ရွှေ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကာကွယ်ဆေးထိုးနှံမည့် ကျန်းမာရေးဝန်ထမ်းများအား စာရင်းသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းတို့ ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။ ဆက်လက်၍ ကာကွယ်ဆေးထိုးနှံပြီးနောက်မိနစ် ၃၀ စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ကိုယ်ဝန်ဆောင်များနှင့် လတ်တလောဖျားနာနေသူများကို ကာကွယ်ဆေးထိုးနှံပေးခြင်း မရှိကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်း ၂၆၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် အဖြစ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **နေမျိုးသူရိန်**




# ခေါင်လန်ဖူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**ခေါင်လန်ဖူး ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ခေါင်လန်ဖူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကုသရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၂၀ တို့ကို ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ယင်းကာကွယ်ဆေးထိုးနှံထားသူများသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံရမည်ဖြစ်ကြောင်းနှင့် တစ်ဦးလျှင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးရမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာဂွမ်ဆိုင်းလီထံမှ သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီး၍ ကျန်းမာရေးပြဿနာများဖြစ်ပေါ်လာပါက အချိန်မီ ကုသစစ်ဆေးခြင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အပေါင်းအသင်း၊ မိတ်ဆွေတွေဆီ ရောက်သွားမယ်။ သူတို့ကနေ ဒီ ၈ ချက်ကို ဖြန့်ဝေသွားမယ်။ ဒီလို ဖြန့်ဝေသွားမယ်ဆိုရင် ဆင့်ကဲဖြစ်စဉ်ကြီး ပေါ်လာမယ်။ အကယ်၍သာ ဆွေမျိုးတွေက အသင်းအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်ဖြစ်နေမယ်ဆိုရင် ကျန်တဲ့အဖွဲ့ဝင်တွေကိုလည်း ဆက်ပြောနိုင်မယ်ဆိုရင် ဆင့်ကဲဖြစ်စဉ်က ပြည်သူလူထုကြားထဲမှာ ဆက်တိုက်ဆက်တိုက် စိမ့်ဝင်သွားပြီး အမူအကျင့်ပြောင်းလဲလာမယ့်ဖြစ်စဉ်ကြီး ပေါ်ထွန်းလာမယ်လို့ ယူဆပါတယ်။

**မေး ။ ။ အရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ ကျန်းမာရေးဆိုင်ရာ လူထုလှုပ်ရှားမှုတွေ၊ Stop Covid-19 အဝါရောင် ကမ်ပိန်းတွေ ဆောင်ရွက်ခဲ့တာ ထိရောက်မှုရှိလားဆိုတာ သိချင်ပါတယ်။**

**ဖြေ ။** ။ ကိုဗစ်-၁၉ လူနာတွေ ထောင်နဲ့ချီ တွေ့နေတဲ့အချိန်မှာပဲ ပြည်သူ့ကျန်းမာရေး လုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်ဖို့ လိုတယ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညွှန်ကြားပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ပြည်သူ့ကျန်းမာရေးအမြင်ရှုထောင့်အရ ဒီဟာကို ပြည်သူလူထုအတွင်းမှာ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုပါမှ ထိန်းချုပ်လို့ရမယ်ဆိုတာကို သိပါတယ်။ သိတဲ့အတွက်ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ပါလာအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုကို နာခံပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုနဲ့ လူထုလှုပ်ရှားမှု Mask၊ Face Shield တပ်ဆင်ရေး ကမ်ပိန်း ဆောင်ရွက်ပါတယ်။ နောက်ပြီး Stop Covid-19 အဝါရောင် ကမ်ပိန်းမှာလည်း အဝတ်အစားတွေကအစ အဝါရောင် တီရှပ်တွေရိုက်တယ်။ အင်္ကျီပေါ်မှာလည်း Mask တပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ တစ်ဦးကိုတစ်ဦး အသိပေးပါ။ သတိပေးပါဆိုတဲ့ ပြည်သူလူထုကိုပေးချင်တဲ့ အဓိက အချက်ကို ရိုက်နှိပ်တယ်။ ပြီးတော့ မြေစိုက် ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေလုပ်ပြီး နေရာအနှံ့မှာ ပြည်သူလူထုကို အသိပေးတယ်။

အဝါရောင်ကို မြင်လိုက်တာနဲ့ ပြည်သူလူထုက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းတွေကို သိသွားမယ်။ ပြည်သူလူထု အမူအကျင့်ပြောင်းလဲလာဖို့ နည်းလမ်းပေါင်းစုံ၊ နေရာပေါင်းစုံမှာ လုပ်တယ်။ နောင်မှာဆိုရင် ကိုဗစ်-၁၉နဲ့ နေသွားဖို့ရှိပါတယ်။ အဲဒါကြောင့် ပုံမှန်စီးပွားရေးတွေ ပြန်လည်ပတ်လာစေရေး၊ စာသင်ကျောင်းတွေ ပြန်ဖွင့်နိုင်ရေး၊ ဈေးတွေပြန်ဖွင့်နိုင်ရေး စသည်အားဖြင့် ဒါဆိုရင် New Normal နဲ့ သွားမှရမယ်။ New Normal မှာဆိုရင်တော့ Mask တပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါဆိုတာ အလွန်အရေးကြီးပါတယ်။ ဒါကို တစ်နိုင်ငံလုံးလည်း လိုက်လုပ်မှရမယ်။ အဲဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေအားလုံး အဝါရောင်တီရှပ်တွေ ပေးပို့ပြီး ကမ်ပိန်းမှာပါဝင်လာရေး ပြည်သူလူထုကို လှုံ့ဆော်ပါတယ်။ အားလုံးပူးပေါင်း ပါဝင်လာတဲ့အခါ အခုချိန်မှာ တစ်နေ့တစ်နေ့ ပိုးတွေ့ရှိမှုနှုန်းက တစ်ရာ၊ တစ်ခါတလေ တစ်ရာအောက် အဲဒီလောက်ကိုရောက်လာပြီ ဖြစ်ပါတယ်။ အဲဒီလို ရောက်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာတွေ သိသိသာသာ လျော့လာပါပြီ။ အခုဆိုရင် ခုနစ်နေရာလောက်ပဲ ရှိတော့ပါတယ်။ အရင် လူနာသောင်းဂဏန်း ရှိရာကနေ အခုဆို တစ်နေ့တစ်နေ့ ကျဆင်းလာတာ ဖြစ်ပါတယ်။ ထိစပ်ခဲ့တဲ့သူတွေလည်း အရင်အများအပြားထားစရာ မရှိလောက်တဲ့အခြေအနေကနေ အခုဆိုရင် တော်တော်ကို လျော့ကျလာပြီး ထောင်ဂဏန်းအောက်ကို ကျလာပြီဖြစ်ပါတယ်။ အဲဒီလိုမျိုးအခြေအနေအထိကို Mask ကမ်ပိန်းကလည်း အောင်မြင်ခဲ့ပါတယ်။ Mask ကမ်ပိန်းကို အရှိန်မြှင့်ပြီးဆောင်ရွက်တဲ့ အဝါရောင်ကမ်ပိန်းကလည်း အောင်မြင်မှုပါပဲ။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်မှု အားကောင်းပါတယ်။ ဒီဟာကိုဆောင်ရွက်တာ အလွန်အောင်မြင်တဲ့ ကမ်ပိန်းလို့ ပြောလို့ရပါတယ်။

**မေး ။ ။ ဖြည့်စွက် ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

**ဖြေ ။** ။ လူတိုင်း၊ မိသားစုတိုင်း Mask ကို စနစ်တကျ တပ်ကြပါ။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ကြပါ။ လက်ကို မကြာခဏဆေးကြောကြပါ။ တစ်ဦးကို တစ်ဦး အသိပေးပါ၊ သတိပေးပါ ဆိုတာကတော့ မိသားစုတိုင်း လိုက်နာဆောင်ရွက်ဖို့ရော၊ အချင်းချင်း အသိပေး၊ သတိပေးနေဖို့ပါ လိုအပ်ပါတယ်ဆိုတာ ပြည်သူလူထုကို တင်ပြချင်ပါတယ်။

အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

# ဂျွန်ဆင်နှင့် ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးအစွမ်းထက်ထိရောက်မှု ၆၆ ရာခိုင်နှုန်းရှိ

ဝါရှင်တန် ဇန်နဝါရီ ၃၀

**အမေရိကန်ဆေးကုမ္ပဏီ ဂျွန်ဆင်နှင့်ဂျွန်ဆင်(Johnson & Johnson) က ကမ္ဘာလုံးဆိုင်ရာ လက်တွေ့ဆေးဝါးကုသမှုရလဒ်များအရ ၎င်း၏တစ်ခါထိုး ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အစွမ်းထက်ထိရောက်မှု ၆၆ ရာခိုင်နှုန်းရှိကြောင်း ပြောကြားလိုက်သည်။**

ဂျွန်ဆင်နှင့်ဂျွန်ဆင် ဆေးကုမ္ပဏီက ၎င်း၏နောက်ဆုံး လက်တွေ့ဆေးဝါးစမ်းသပ်ချက်ရလဒ်များကို ဇန်နဝါရီ ၃၀ ရက်က အရေးပေါ်ကြေညာချက်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ စေတနာရှင်ပါဝင်စမ်းသပ်ခံသူ ၄၃၇၈၃ ဦး အနက် ၄၆၈ ဦးမှာ ကိုဗစ်- ၁၉ ကူးစက်ခံထားရသူများ ဖြစ်ကြသည်။ အသင့်အတင့်မှပြင်းထန်သော ကိုဗစ်- ၁၉ ကူးစက်မှုများကို ကာကွယ်ရန် ဆေးဝါး၏အစွမ်းထက်ထိရောက်မှုမှာ ၆၆ ရာခိုင်နှုန်းရှိကြောင်းနှင့် ပြင်းထန်သော ကိုဗစ်- ၁၉ ဖြစ်ပွားမှုများကို ၈၅ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း ကုမ္ပဏီက ပြောကြားလိုက်သည်။

ကူးစက်မြန်အသွင်ပြောင်း ကိုဗစ်-၁၉ အသစ်ဖြစ်ပွားနေသော တောင်အာဖရိကတွင် ကာကွယ်ဆေး၏ အစွမ်းထက် ထိရောက်မှုမှာ ၅၇ ရာခိုင်နှုန်းရှိကြောင်း ကုမ္ပဏီက ဆက်လက်ဖော်ပြထားသည်။ ကြီးကြီးမားမားလုံခြုံစိတ်ချရမှုနှင့်ပတ်သက်ပြီး စိုးရိမ်စရာမရှိဟု ကျွမ်းကျင်သူအဖွဲ့က ဖော်ပြထားကြောင်း ဂျွန်ဆင်နှင့်ဂျွန်ဆင် ကုမ္ပဏီက ပြောကြားလိုက်သည်။

ဖေဖော်ဝါရီလထက်နောက်မကျစေဘဲ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ အရေးပေါ် အသုံးပြုခွင့်ရရှိရေးလျှောက်ထားရန် စီစဉ်ထားကြောင်း ကုမ္ပဏီက ဆက်လက်ဖော်ပြထားသည်။

ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ် သို့မဟုတ် မော်ဒါနာတို့လို နှစ်ကြိမ်ထိုးရန် မလိုအပ်သောကြောင့် ဂျွန်ဆင်နှင့် ဂျွန်ဆင် ကာကွယ်ဆေးသည် ကာကွယ်ဆေးထိုးလုပ်ငန်းကာကွယ်ဆေးပြတ်လပ်မှုကို အရှိန်မြှင့်တင်ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**



ဂျွန်ဆင်နှင့်ဂျွန်ဆင် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို စမ်းသပ်ထိုးနှံနေစဉ်။

# ပြင်သစ်က အသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးရန် အီးယူမဟုတ်သော နိုင်ငံများနှင့်ထိစပ်နေသော နယ်စပ်များကို ပိတ်သွားမည်ဟုဆို

**ပါရီ ဇန်နဝါရီ ၃၀**

အသွင်ပြောင်း ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ပြင်သစ်နိုင်ငံသည် အီးယူမဟုတ်သောနိုင်ငံများနှင့်ထိစပ်နေသော နယ်စပ်များကို ပိတ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၃၀ ရက်က ဖော်ပြလိုက်သည်။



အရေးပေါ်ခရီးစဉ်မှလွဲပြီး အီးယူအပြင်ဘက်နိုင်ငံများမှ ရောက်ရှိလာသူများအားလုံးကို ဇန်နဝါရီ ၃၁ ရက်မှစပြီး တားဆီးပိတ်ဆို့သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယွန်ကာတက်စ်(**အောက်ပုံ**)က ဇန်နဝါရီ ၂၉ ရက်က ကြေညာလိုက်သည်။

နိုင်ငံအတွင်း တင်းကျပ်သည့် ညအချိန်ကန့်သတ်ဆောင်ရွက်ချက်များကို လွန်ခဲ့သောသီတင်းနှစ်ပတ်က ပြဋ္ဌာန်းခဲ့သည်။ ညမထွက်ရအမိန့်ကိုလည်း အရင်ပုံမှန်ချိန်ထက် နှစ်နာရီစောပြီး ၆ နာရီသို့ တိုးမြှင့်လိုက်သည်။

သို့သော်လည်း နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုများသည် ၂၀၀၀၀ ဝန်းကျင်ခန့် ဆက်လက်တိုးလာနေဆဲဖြစ်သည်။ ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းသည် အသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ဟု ယူဆထားသည်။

ဝန်ကြီးချုပ်က အစားအစာရောင်းချခြင်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲမှုမလုပ်ဆောင်နိုင်သော ဈေးဝယ်ကုန်တိုက်ကြီးများကို လုပ်ငန်းလည်ပတ်ရောင်းချခြင်းမှ ရပ်နားထားရန်နှင့် ညမထွက်ရအမိန့်ကို ဖောက်ဖျက်သူများကို ရဲတပ်ဖွဲ့ဝင်များက နှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ယွန်ကာတက်စ်က ကန့်သတ်ပိတ်ဆို့မှု အသစ်ချမှတ်ခြင်းကို ရှောင်ရှားနိုင်ရန် အကောင်းဆုံးလုပ်ဆောင်သွားရေးသည် မိမိတို့၏တာဝန်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ရှေ့လာမည့်ရက်များသည် ပိုမိုအရေးကြီးသော ရက်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုနှင့် ပတ်သက်ပြီး အီးယူထိန်းချုပ်မှုများ ပြုလုပ်သွားမည်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၃၀**

အီးယူအဖွဲ့ဝင်နိုင်ငံများအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ပြီး ယင်းထုတ်လုပ်ထားသောကိုဗစ်-၁၉ ကာကွယ်ဆေးများကို တခြားနိုင်ငံနှင့်ဒေသများသို့ တင်ပို့ရာတွင် ထိန်းချုပ်မှုများပြုလုပ်သွားတော့မည်ဖြစ်ကြောင်း အီးယူက ဇန်နဝါရီ ၃၀ ရက်တွင် ကြေညာလိုက်သည်။

ကာကွယ်ဆေးများကို အီးယူမဟုတ်သော တခြားဈေးကွက်သို့ တင်ပို့ရာတွင် ထုတ်လုပ်သူများအနေဖြင့် တင်ပို့ခွင့်လျှောက်ထားရန် လိုအပ်ကြောင်း သက်ဆိုင်ရာအရှိများက ပြောကြားလိုက်သည်။ ကာကွယ်ဆေးတင်ပို့ရာတွင် ပိုမိုရှင်းရှင်းလင်းလင်းဖြစ်စေရန် ယခုလို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားလိုက်သည်။

အဆိုပါဆောင်ရွက်ချက်သည် ဇန်နဝါရီ ၃၀ ရက်မှစပြီး မတ်လကုန်အထိ သက်ရောက်နေမည်ဖြစ်သည်။ ကိုဗက်အစီအစဉ်တွင် ပါဝင်သော နိုင်ငံများအတွက် ကင်းလွတ်ခွင့်ရှိမည်ဖြစ်သည်။

အီးယူကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗောဒစ်ဒွမ်ဘရော့ဗ်စကီးစ်က အီးယူနိုင်ငံသားများ၏ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အီးယူနိုင်ငံသားများကို ကာကွယ်ရေးသည် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ပြောကြားလိုက်သည်။ သဘောတူညီထားသည့်အတိုင်း ကာကွယ်ဆေးပေးပို့မှုဖြစ်မလာမည်ကို စိုးရိမ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မာရီယန်ဂီလာဆီမောင်က အသစ်ထုတ်ပြန်လိုက်သော ဆောင်ရွက်ချက်သည် စိုးရိမ်စရာကောင်းသော အလားအလာရှိကြောင်း ဖော်ပြလိုက်သည်။ မည်သည့်ထုတ်ကုန်ပစ္စည်းမှ တစ်နေရာတည်းတွင် ထုတ်လုပ်၍မရကြောင်း ၎င်းက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်ကို ရုပ်သိမ်းရန် အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲ

**တိုကျို ဇန်နဝါရီ ၃၀**

ခရိုင် ၁၁ ခုတွင် စီစဉ်ထားသည့် နိုင်ငံတော်အရေးပေါ်အခြေအနေသတ်မှတ်ပြဋ္ဌာန်းထားသည့်ရက် ကုန်ဆုံးသွားပြီးနောက် အချို့နေရာများတွင် ယင်းပြဋ္ဌာန်းချက်ကို ဆက်လက်ထားရှိရေးနှင့်ပတ်သက်ပြီး ဂျပန်အစိုးရအဖွဲ့အတွင်း သဘောထားအမြင်များ ကွဲပြားလျက်ရှိကြောင်း သိရသည်။

**တိုးချဲ့ပြဋ္ဌာန်း**

မှတ်ချက်။ – (၂၈-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်စုစုပေါင်း (၃၀၂) မြို့နယ် ရှိပြီဖြစ်ပါသည်။
– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ(၅)ဦး၊ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ(၁)ဦးတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၅ မှ*

- ယနေ့ သေဆုံးသူ (၁၀) ဦး အနက် ရောဂါအခံရှိသူ (၉) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၃၇၇) ဦးတွင် –
  - ဆေးရုံများ – (၂၆၂) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၁၅) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၄၈၇) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပင်လုံမြို့ ရပ်ကွက်(၄)၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၄၃ စုအား ထောက်ပံ့ငွေပေးအပ်




**ပင်လုံ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့ ရပ်ကွက်(၄)၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ အိမ်ထောင်စုများအား နိုင်ငံတော်က ထောက်ပံ့ပေးသည့် ကိုဗစ် - ၁၉ ကာလ ထောက်ပံ့ငွေများကို ပင်လုံမြို့ ရပ်ကွက်(၄)ရုံးတွင် ယနေ့နံနက်ပိုင်းက ပေးအပ်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပင်လုံမြို့ ရပ်ကွက်(၄) အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုင်နွံက ထောက်ပံ့ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်၊ ထောက်ပံ့ငွေပေးအပ်ရာတွင် အခြေခံလူတန်းစားများ၏ လက်ဝယ်အရောက် ပေးပို့ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ရပ်ကွက် (၄) အတွင်းရှိ အိမ်ထောင်စု ၁၀၀၇ စု အနက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၄၃ စု၏ လက်ဝယ်အရောက် ပေးအပ်မည်ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစုဝင် ၁၁၅ စုအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပင်လုံမြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ထောက်ပံ့ပေးပြီး ကျန်ရှိအိမ်ထောင်စုများအား ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်မြင့်ဆွေ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နီးကျေးရွာ ဂျာနယ်
ထွက်ရှိ



၁-၂-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၃)တွင်
- တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုစိတ်ဓာတ်
- လယ်ယာထွက်ကုန် သီးနှံများအတွက် ဒစ်ဂျစ်တယ်ဈေးကွက်
- စပါးမျိုးစေ့ငုပ်ခြင်းအား ချေဖျက်ရန် နည်းလမ်း
- မြေဆွေးကန်နှင့် ဝက်မွေးမြူခြင်း နည်းလမ်းကောင်းများ
- ဈေးကောင်းရစေသော အထွက်ကောင်းနှမ်းမျိုးများ ရွေးချယ်စိုက်ပျိုးစေလို
- ဈေးကွက်ကောင်းမွန်သော မျိုးစပ်ငါးခူစနစ်တကျမွေးမြူခြင်း
- ကျွဲ နွား သိုး ဆိတ် မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု (၁၄)
- ဆီးသွားများခြင်းနဲ့ မျက်စိမှုန်ခြင်းတို့ရဲ့ အရင်းခံ
- အမျိုးသမီးများ သတိရှိပါ အဝလွန်ပြဿနာ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀- ၁ -၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ | ကျပ် | ၆၉၅/၇၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ | ကျပ် | ၇၁၀/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ | ကျပ် | ၆၉၀/၆၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၉ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၉ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၄၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၃၀၂၁ | ၂၈၉၅၁၈၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၉၇၉ | ၃၇၈၀၆၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၈ | ၂၅၉၆၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၂၆ | ၆၁၀၂၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၂၄ | ၈၆၉၀၀ |

ခင်ရတနာ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO
ကိုဗစ်ကာကွယ်ဆေးအတွက် အခုင်တိုက်အားတိုက် အလှူငွေ ထည့်ဝင် လှူဒါန်းကြတာ မြင်ရကြားရတော့ သာဓုခေါ်ပါတယ်လေ...
တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူတိုင်းကို ထိုးပေးမှာလား ဗျာ
ဆေးထိုးဖို့ အခွင့်အလမ်းရှိ သူတိုင်းကို ထိုးပေးမှာ
ဖြစ်တဲ့အတွက် ရပ်ကွက်ထဲမှာ လူညီးစာရင်း လိုက်ကောက်နေပြီလေ..
အဲဒီစာရင်းကို ခင်ဗျားတို့က ဆိတ်ကြိုက်
ကိုယ်နဲ့သင့်တဲ့သူတွေ.. ကိုယ့်အမျိုးတွေချည်းရွေးပြီး ဆေးထိုးဖို့အခွင့်အလမ်းရှိတဲ့သူ စာရင်းလို့တော့ မလုပ်မိစေနဲ့ပေါ့ဗျာ ကိုတင့်ရာ...
ဒီလိုဗျ.. ဆေးထိုးဖို့အခွင့်အလမ်းမရှိသူကို ဆေးထိုးပေးလို့ မဖြစ်ဘူးလေ.. အသက်(၁၈)နှစ် မပြည့်သေးတဲ့သူတွေ..
၁၈..နှစ် ကတည်းက သောက်လာတာ..ဂွ..
နို့တိုက်မိခင်နဲ့ ကိုယ်ဝန်ဆောင်တွေ.. ကိုဗစ်-၁၉ ရောဂါသံသယ ရှိသူနဲ့ ကိုဗစ်ဖြစ်ပြီး (၉၀)ရက် မကျော်သေးသူတွေ.. ကင်ဆာ ဆေးသွင်းကုသခံနေရသူတွေ
ဆေးထိုးခွင့်မရှိဘူး.. ဘက်လိုက်ပြီးဆောင်ရွက်လို့ရတဲ့ကိစ္စမှ မဟုတ်တာဗျာ..
ဪ..အင်း.. ကိုတင့် ဘက်မလိုက်ဘူး ဆိုတာ ယုံတယ်..ယုံသွားပြီ... ဟီး..


ကိုဗစ်ကြောင့် ကောင်းသွားတာတစ်ခုတော့ရှိတယ် မေကြီးရဲ့..
ဘာများလဲ ပြောပါဦးတော်..
ဟိုတုန်းကဆို လူတွေက..စည်းကမ်းမရှိကြဘူးလေ..
အင်း
အခုဆို အပြင်ထွက်ရင်Maskတပ်ရတယ်
လက်ဆေးရတယ်..
တစ်ယောက်နဲ့တစ်ယောက် ခွာပြီး နေကြရတယ်..
ကိုဗစ်ကြောင့် လူတွေစည်းကမ်းရှိလာကြတယ်လေ..
ဒါလည်း ဟုတ်တာပဲ..


ကာတွန်းကိုမိုး
သားပု
ဒီကမ္ဘာမြေကို ရောက်ပြီး တွေ့မြင်ရမယ်..
ဟင်..လူသားတွေ ဘယ်ပျောက်နေပါလိမ့်
ဂြိုဟ်သားစုတွေ ငါဒီမှာကွ...
ငါတို့ကမ္ဘာမြေကိုလာရင် MASK မပါဘဲမလာနဲ့
ဒီမှာ မင်းတို့ထက်ကြောက်စရာ ကောင်းတဲ့ ကိုဗစ်ပိုးရှိနေပြီကွ
မင်းတို့ကို ဒီ စကားကို ပို့ရမယ် မပြေးနဲ့.
အိုး.. ကိုဗစ်က တို့ထက်ဦး သွားပြီ...ပြေးဟ...ပြေး




ဘယ်သွားမလို့လဲ၊
အေးပါဟယ်၊၊



## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကမ္ဘာကြီးပေါ်မှာ ပြဿနာရှာတတ်တဲ့ မောင်နှမနှစ်ယောက်-အယ်လ်နီညိုနဲ့ လာနီညာ


ကေ - ဂျူဝယ်လ်


ကလေးတို့အားလုံး မင်္ဂလာပါနော်။ ကိုဗစ်-၁၉ ရောဂါကြောင့် မမတို့၊ ကလေးတို့အားလုံး အိမ်တွင်း အောင်းနေကြရတဲ့ နေ့ရက်တွေက ကာကွယ်ဆေးတွေလည်း ရောက်လာနေပြီမို့ ပြီးဆုံးခါနီးနေပြီလို့ မျှော်လင့်နေကြမှာပေါ့နော်။ အိမ်မှာ နေနေကြတဲ့ ကာလတွေမှာ ကလေးတို့ ဗဟုသုတရစေမယ့် အကြောင်းအရာလေးတစ်ခုကို မမက ပြောပြပေးဖို့ ရှိပါတယ်။ အဲဒါကတော့ ပြဿနာရှာတတ်တဲ့ မောင်နှမနှစ်ယောက်ဆိုပြီး တင်စားပြောလေ့ရှိတဲ့ အယ်လ်နီညိုနဲ့ လာနီညာတို့အကြောင်းပဲ ဖြစ်ပါတယ်။ ကလေးတို့ရော သူတို့အကြောင်းကို ကြားဖူးကြသလား။ မိုးလေဝသကို စိတ်ဝင်စားတဲ့ ကလေးတို့ကတော့ သူတို့အမည်တွေကို သိနေကြမယ်လို့ မမက ထင်ပါတယ်။

အယ်လ်နီညိုဆိုတာ စပိန်အသံထွက်ဖြစ်ပြီး ကောင်လေးလို့ အဓိပ္ပာယ်ရပါတယ် ကလေးတို့ရေ။ ပီရူးနိုင်ငံမှာရှိတဲ့ ငါးဖမ်းသမားတွေဟာ ၁၆၆၀ ပြည့်လွန်နှစ်တွေရဲ့ ဒီဇင်ဘာလဝန်းကျင်မှာ ဖြစ်လာတဲ့ ရာသီဥတုဖြစ်စဉ်တစ်ခုကို အဲဒီလိုလေး အမည်ပေးခဲ့ကြတာပါ။ သူတို့ဟာ ပစိဖိတ်သမုဒ္ဒရာကြီး ပူနွေးလာတာကို သတိထားမိကြတယ်။ ထူးထူးခြားခြား ရေတွေက ပူလာပြီး အဲဒီရေတွေက ရေငွေ့ပျံရာကနေ မိုးလေဝသအခြေအနေကို ပြောင်းလဲသွားစေတာပေါ့ကွယ်။

ပြောရမယ်ဆိုရင် သမုဒ္ဒရာကြီးထဲမှာ ရေနွေးစီးကြောင်းနဲ့ ရေအေးစီးကြောင်းဆိုတဲ့ စီးကြောင်းကြီးတွေရှိတယ်။ ရေပြင်ကြီးတွေဟာ အပေါ်က နေရောင်ခြည်အပူရှိန်၊ မြေပြင်အနေအထားပေါ်မူတည်ပြီး အခုလိုရေစီးကြောင်းတွေ ရှိလာခဲ့ရတာပါ။ အီကွေတာလို့ခေါ်တဲ့ ကမ္ဘာကြီးရဲ့ အလယ်ပိုင်းမှာ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေပူတွေက အင်ဒိုနီးရှားဘက်ကနေ တောင်အမေရိကဘက်ကို စီးတဲ့အခါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်လာပြီး တောင်အမေရိကဘက်ကနေ အင်ဒိုနီးရှားဘက်ကို ရေစီးကြောင်းတွေပြန်စီးတဲ့အခါ လာနီညာရာသီဥတုဖြစ်လာရတာပါ။

အယ်လ်နီညိုကာလဆိုရင် ကုန်သည်လေတွေဟာ လမ်းကြောင်းပြောင်းပြန်တိုက်ခတ်တော့တာပေါ့။ အဲဒီလိုဆိုတော့ ရေထဲကသတ္တဝါတွေ နေထိုင်မှုကို ပျက်စီးကုန်ရော။ ဒါတင်မကသေးဘူး၊ အယ်လ်နီညိုကြောင့် ပစိဖိတ်သမုဒ္ဒရာ



ကမ်းရိုးတန်းတွေမှာ မုန်တိုင်းတွေတိုက်ခတ်တာ၊ ရေကြီးတာတွေ ဖြစ်ကုန်တာပေါ့။ လေကြောင်းက ပြောင်းပြန်တိုက်တဲ့အတွက် ပုံမှန်မိုးရွာရမယ့် ဒေသတွေမှာကျတော့ မိုးကမရွာတော့ဘဲ ပိုပြီးခြောက်သွေ့တတ်ကြပြန်ရော။


အယ်လ်နီညိုက သုံးနှစ် ဒါမှမဟုတ် ငါးနှစ်မှာ တစ်ခါတော့ ကြုံရလေ့ရှိပါတယ်။ သဘောက သုံးလေးငါးနှစ်ဆိုရင် ရာသီဥတုတစ်ကြိမ်တော့ ဖောက်ပြန်တတ်တယ်ပေါ့ကွယ်။ ဒါပေမယ့် တစ်ခါတလေတော့လည်း ရှစ်နှစ်၊ ကိုးနှစ်အထိ အယ်လ်နီညိုမလာတဲ့နှစ်တွေလည်း ရှိနေပြန်တယ်။ ရာသီဥတုအခြေအနေဆိုတော့ အတိအကျခန့်မှန်းနိုင်ဖို့က မလွယ်ဘူးလေနော်။ သူက ဒီဇင်ဘာပတ်ဝန်းကျင်မှာ စတင်တတ်ပြီး ခြောက်လလောက်တော့ အနည်းလေး ကြာမြင့်တတ်ပါတယ်။

အယ်လ်နီညို မမတို့နိုင်ငံမှာ ဖြတ်သန်းပြီဆိုရင်တော့ အတော်ကိုပူတာပဲ။ အဲဒီလို ရာသီဥတုဖောက်ပြန်တာကြောင့် မိုးခေါင်တာ၊ ပူတာ၊ ခြောက်သွေ့တာ၊ ရေတွင်း ရေကန်တွေခန်းခြောက်တာနဲ့ ကောက်ပဲသီးနှံတွေ မဖြစ်ထွန်းတာ၊ မုန်တိုင်းဝင်တာနဲ့ ရေကြီးတာတွေ ဖြစ်တတ်တာမို့ သတိထားရတဲ့ကာလတွေပေါ့ကွယ်။

လာနီညာဆိုတာကတော့ စပိန်လို ကောင်မလေးလို့ အဓိပ္ပာယ်ရပါသတဲ့။ အဲဒါကြောင့် သူတို့ကို မောင်နှမတွေလို့ လူသားတွေက ရွဲ့ပြီးခေါ်ကြတာပေါ့။ သူတို့က ပစိဖိတ်သမုဒ္ဒရာထဲမှာ မွေးဖွားတာချင်းတူပေမယ့် သူတို့ရဲ့ပုံစံကတော့ လုံးဝဆန့်ကျင်ဘက်ပဲ။ အများအားဖြင့်တော့ အယ်လ်နီညိုဖြစ်ပြီဆိုရင် နောက်မှာ လာနီညာက ပါတတ်တယ်။ လာနီညာရဲ့သဘာဝက အေးပြီးစိုစွတ်တဲ့ အနေအထားပေါ့ကွယ်။ မမတို့ဆီမှာ အခုကြုံနေရတာက လာနီညာပေါ့။

ကလေးတို့ သတိထားမိကြသလား။ ပြီးခဲ့တဲ့နှစ် မိုးရာသီနောက်ပိုင်းမှာလည်း မကြာခဏမိုးရွာတာ၊ လေပြင်းတိုက်တာနဲ့ ရာသီဥတုအေးတာကို ခံစားကြရပါတယ်။ အဲဒါက လာနီညာပေးတဲ့ ပြဿနာပဲပေါ့ကလေးတို့ရေ။ သူက ဆောင်းတွင်းမှာ ပုံမှန်အေးရတဲ့အထိ မြောက်ဘက်က လေအေးတွေကို ယူလာခဲ့တယ်လေ။ ဒါကြောင့် သာမန်ထက် ပိုအေးတာကို ခံစားမိတာပေါ့။ အချို့ဒေသတွေဆိုရင် ထူးထူးခြားခြားရေခဲတာတွေ ကလေးတို့ သိလိုက်ကြတယ်မဟုတ်လား။

မမတို့၊ ကလေးတို့အားလုံးက သဘာဝတရားကြီးက ပေးတဲ့ အယ်လ်နီညိုရော၊ လာနီညာကိုရော မလိုချင်လို့မရဘဲ ကြုံတွေ့နေရဦးမှာပါ။ ကြိုတင်ကာကွယ်ခြင်းနဲ့ သူတို့ကို တွန်းလှန်ကြရမှာပဲပေါ့။ ဘယ်လိုရာသီဥတုမျိုးဖြစ်စေ ကိုယ်ခံအား ကောင်းမွန်အောင်နေမယ်၊ အပူဒဏ်ကိုရော၊ အအေးဒဏ်ကိုရော ခံနိုင်ရည်ရှိအောင်ကြိုးစားရင်း ကျော်ဖြတ်လိုက်ကြရအောင်နော်။





## လောကဝတ် (Etiquette)

# ကလေးတို့အားလုံး ကိုယ့်အားကိုယ်ကိုး ကိုဗစ်ကို ဆက်ပြီးကာကွယ်ကြမယ်

မမမေ

ကလေးတို့အားလုံး ပျော်ရွှင်စရာကောင်းတဲ့ တနင်္ဂနွေနေ့လေးဖြစ်ပါစေလို့ မမက ဆုတောင်းပါတယ်။ ကလေးတို့အားလုံး ကိုဗစ်-၁၉ ရောဂါကနေ ကင်းဝေးနေကြမယ်လို့ မမက မျှော်လင့်ပါတယ်။ ဒီတစ်ပတ်မှာ မမက ကလေးတို့ကို ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ကလေးတို့ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့နဲ့ သူများအတွက်လည်း မထိခိုက်စေဖို့ ကာကွယ်ရေးနည်းလမ်းလေးတွေကို သတိပေးတဲ့အနေနဲ့ ထပ်မံပြီး





ပြောပြသွားမယ်နော်။

ပထမဆုံးကတော့ ကလေးတို့ လက်ကလေးတွေကို ဆပ်ပြာနဲ့ သေသေချာချာ ဆေးကြဖို့ပဲပေါ့။ ကလေးတို့အားလုံး နေ့စဉ် မမေ့မလျော့နဲ့ လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် ဆေးဖို့ မမေ့ကြရဘူးနော်။ ဒါမှ မတော်တဆ ကလေးတို့လက်တွေမှာ ကပ်နေနိုင်တဲ့ ရောဂါပိုးက သေကျေပျက်စီးပြီး ဒုက္ခမပေးတော့မှာဖြစ်ပါတယ်။ ရေတို့၊ ဆပ်ပြာတို့ရဖို့ ခက်နေမယ်ဆိုရင်တော့ ကလေးတို့က လက်သန့်ဆေးရည်နဲ့ လက်ကို မကြာခဏ ဆေးကြောပေးဖို့ လိုပါတယ်နော်။

တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ လက်ကမ်းရုံနဲ့ မမီနိုင်တဲ့ အကွာအဝေးမှာ နေထိုင်ဖို့လည်း လုံးဝမမေ့ပါနဲ့နော်။ ကိုဗစ်ကာလကြီးက ကြာလာတဲ့အခါ ကလေးတို့က မအောင့်နိုင်ဘဲ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်နေကြမယ်ဆိုရင် လေထုထဲကနေတစ်ဆင့် ရောဂါပိုးတွေကူးစက်နိုင်တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး အတတ်နိုင်ဆုံး ဝေးဝေးဆက်ပြီး နေပေးကြပါဦး။

မျက်စိ၊ နှာခေါင်းနဲ့ ပါးစပ်တွေကို လုံးဝမကိုင်ပါနဲ့။ အပြင်ထွက်တဲ့အခါတိုင်းမှာ လက်တွေကို ဘယ်ကိုမှမကိုင်မိအောင် သတိထားသင့်သလို၊ အထူးသဖြင့် လက်ကနေ ရောဂါပိုးတွေက မျက်စိ၊ နှာခေါင်းနဲ့ ပါးစပ်ထဲကို ရောက်မသွားအောင် ထိတာ၊ ကိုင်တာမျိုးမလုပ်မိအောင်လည်း သတိထားရမှာပါ။ ဒါ့အပြင် အပြင်သွားတိုင်း မက်စ်ကို တပ်သွားကြဖို့လိုသလို သေသေချာချာ လုံလုံခြုံခြုံ တပ်ဆင်ဖို့နဲ့ ညစ်ပေပြီးသုံးပြီးသားဖြစ်နေတဲ့ မက်စ်တွေကို မသုံးကြဖို့လည်း မမက သတိပေးပါရစေ။

ချောင်းဆိုး၊ နှာချေတဲ့ အခါတိုင်းမှာ တစ်ရှူး၊ လက်ကိုင်ပဝါတို့နဲ့ ဖုံးအုပ်သင့်သလို သူများတွေ ချောင်းဆိုးတာ၊ နှာချေတာမျိုးဆိုရင်လည်း ကလေးတို့က ရှောင်နေကြဖို့လိုတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အပြင်လူတွေနဲ့တွေ့တိုင်း သတိလေးထားပြီး ကိုဗစ်ရောဂါ မကူးစက်အောင် သတိထားရမှာပါ။

မတော်လို့ ကလေးတို့က ဖျားနာတယ်၊ နှာစေး၊ ချောင်းဆိုးတယ်ဆိုရင် အတတ်နိုင်ဆုံး အိမ်မှာနေပြီး အနားယူသင့်ပါတယ်။ နေ့စဉ်သတင်းတွေထဲက ရောဂါနဲ့ဆိုင်တဲ့ သတင်းထူးတွေကို အမြဲသတိထားနားစွင့်နေပြီး လိုအပ်ရင် ဆေးကုသဖို့လည်း မကြောက်ဖို့လိုပါတယ်။ ကလေးတို့အားလုံး ကိုဗစ်-၁၉ ရောဂါကနေ ကင်းဝေးပြီး ကျောင်းတွေလည်း အမြန်ဆုံးပြန်တက်ခွင့်ရပါစေလို့ မမက ဆုတောင်းပေးရင်း နိဂုံးချုပ်လိုက်ပါတယ်နော်။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၁၅-၁-၂၀၂၁ ရက်နေ့)**

*(ယမန်နေ့မှအဆက်)*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၅၀၁ | ဦးသန်းဝင်း ၊ ဒေါ်ဖြူဖြူသန်း(ကမာရွတ်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၀၂ | မောင်မောင်သန့်ဇင်+မဖြူနှင်းခိုင် မိသားစု (လှိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၃ | နှင်းဝေလွင်(မ/ဥက္ကလာပမြို့နယ်) | ၅၀,၀၀၀ |
| ၅၀၄ | ဦးထွန်းစိုး+ဒေါ်စန်းစန်းခိုင်(လှိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၀၅ | အေးမြတ်မွန်(တာမွေမြို့နယ်) | ၁၅,၀၀၀ |
| ၅၀၆ | ဒေါ်ပိုးဖြူ မိသားစု (ရမည်းသင်းမြို့) | ၁၀၀,၀၀၀ |
| ၅၀၇ | ဦးအောင်ခန့် မိသားစု (ရေတာရှည်မြို့) | ၂၀၀,၀၀၀ |
| ၅၀၈ | အောင်သန်းဦး (လှည်းတန်းမြို့နယ်) | ၂၀,၀၀၀ |
| ၅၀၉ | ဘိုဘိုမင်း(မ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၁၀ | ဦးမြင့်ငွေ+ ဒေါ်အုန်းခင် မိသားစု (တ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁၀၀,၀၀၀ |
| ၅၁၂ | ဦးတင်လင်း+ဒေါ်ချိုချိုမာ (မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၅၁၃ | ဒေါ်အေးအေးမြင့် ၊ ဆွေဆွေငြိမ်းငြိမ်း၊ မချို (ရန်ကုန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၄ | ဒေါ်ယဉ်မြင့် ၊ ဒေါက်တာယဉ်ယဉ်မွန်(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၅၁၅ | ဝဏ္ဏစိုး+အိဖြူမွန်(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၅၁၆ | ဦးမြတ်ဦး (မြန်မာ့မသန်စွမ်းအဖွဲ့အစည်း) | ၁,၀၀၀,၀၀၀ |
| ၅၁၇ | ဦးနီအား ရည်စူး၍ ဒေါ်အေးဆင့် သား-ကိုမျိုးသက် မိသားစု(ချောက်မြို့) | ၁၀၀,၀၀၀ |
| ၅၁၈ | ဦးကိုကိုကြီး+ဒေါ်ခင်သူသူဝင်း(မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၉ | ဦးသိန်း+ဒေါ်နှင်းနှင်း(ချောက်မြို့) | ၃၀၀,၀၀၀ |
| ၅၂၀ | ဦးတင်မြင့်+ဒေါ်ဝင်းဝင်းသန်း မိသားစု (ချောက်မြို့) | ၁,၀၀၀,၀၀၀ |
| ၅၂၁ | ဦးညီညီလွင်(မုဒုံမြို့နယ်) | ၁၀,၀၀၀ |
| ၅၂၂ | ဦးညွန့်မောင်ချွန်+ဒေါ်တင်ရွှေ မိသားစု ၊ ဒဂုံပုံနှိပ်တိုက် (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၅၂၃ | ဦးအောင်မိုးဆန်း+ဒေါ်အိရွှေစိန် သမီး-မနန္ဒီသွင်၊ မမေလဲ့စံ(ချောက်မြို့) | ၂၀၀,၀၀၀ |
| ၅၂၄ | ဒေါ်ဆွေဘုန်းမြင့်(ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၂၅ | ခင်ဇာခြည်ထွဋ် (တံတားဦးမြို့) | ၃၀,၀၀၀ |
| ၅၂၆ | ဘုရင်မ မဆလာလုပ်ငန်း မိသားစု(မြိတ်မြို့) | ၅,၀၀၀,၀၀၀ |
| ၅၂၇ | ဒေါ်သန်းသန်းဌေး(ဒေါပုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၂၈ | ကိုထက်ခန့်ရှင်း၊ ကိုရွှေထော်ထော်(လပွတ္တာမြို့) | ၂၅,၀၀၀ |
| ၅၂၉ | ဒေါ်ခင်ထွေးရီ၊ ဒေါ်အေးအေးထွန်း(တ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၅၃၀ | ဦးခင်မောင်ဌေး(အောင်ပန်းမြို့) | ၁၀၀,၀၀၀ |
| ၅၃၁ | ဒေါ်နှင်းခိုင် (Tourist Guide) (ရန်ကင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၅၃၂ | ဒေါ်ရီမြင့် (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၅၃၃ | စည်သူအောင်ကောင်း+နီနီရီလွင်(ဂျပန်) | ၃၀၀,၀၀၀ |
| ၅၃၄ | သိန်းသိန်း(မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၅၃၅ | ခင်ခင်ချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇,၀၀၀,၀၀၀ |
| ၅၃၆ | PATHFINDER TECHNICAL SERVICES CO.,LTD (ရန်ကင်းမြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၅၃၇ | ဒေါ်သီတာဦးမိသားစု(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၅၀,၀၀၀ |
| ၅၃၈ | မန္တလေးဆေးတက္ကသိုလ် (12/2002)BATCH | ၁,၀၀၀,၀၀၀ |
| ၅၃၉ | ဒေါက်တာလှမောင်ဒင်+ဒေါက်တာဖြူဖြူလှိုင်၊သား-ဒေါက်တာသန့်ထိုက်ထွန်း(တ/ဥက္ကလာပမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၄၀ | ဦးမောင်မောင်ထွေး(ရန်ကုန်မြို့) | ၄,၀၀၀ |
| ၅၄၁ | ကိုပြည့်ဖြိုး(ရန်ကုန်မြို့) | ၅,၀၀၀ |
| ၅၄၂ | မြင့်မြတ်ကျော်(စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၄၃ | ဦးမောင်မောင်ထွေး(ရန်ကုန်မြို့) | ၆,၀၀၀ |
| ၅၄၄ | ကျော်လင်း(မော်လမြိုင်မြို့) | ၄၀,၀၀၀ |
| ၅၄၅ | ဒေါ်နီလာညွန့် သား-ဟိန်းထက်ဇော်(မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၄၆ | ဦးဝင်းတင်+ဒေါ်ပြုံး၊ သား-ကိုရန်ရှင်း (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၄၇ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁၀၀,၀၀၀ |
| ၅၄၈ | ဒေါ်ခင်မြင့် မိသားစု (စမ်းချောင်းမြို့နယ်) | ၃,၀၀၀,၀၀၀ |
| ၅၄၉ | ထန်းထန်း+မိုးမိုးခိုင်(မြိတ်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၅၅၀ | ဦးသန်းထွန်း+ဒေါ်ရင်ရင်လှ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅၁ | ခြူးယမုံဝင်း(တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၅၅၂ | မိခင် ဒေါ်ထွေးစိန် သား-မင်းနိုင်ဦး(ကျိုက်မရောမြို့) | ၅၀၀,၀၀၀ |
| ၅၅၃ | ဦးတင်ဆောင်း (ကျိုက်ထိုမြို့) | ၅၀၀,၀၀၀ |
| ၅၅၄ | ဦးစိုးတင်(မြဝတီမြို့) | ၃၀၀,၀၀၀ |
| ၅၅၅ | မြတ်ကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၃,၅၀၀ |
| ၅၅၆ | ဦးကျော်လင်းဦး(စမ်းချောင်းမြို့နယ်) | ၂၁၀,၀၀၀ |
| ၅၅၇ | အေးကြည်(လှိုင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၅၅၈ | စိန်ဝင်း(လှိုင်မြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၅၅၉ | ဦးလွင်မောင်မောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၆၀ | မျိုးစန်း(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၅၆၁ | ဒေါက်တာတင်ဇော်မောင် ၊ ဒေါက်တာခင်သန်းအေး မိသားစု (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၆၂ | အေးအေးမော်(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၅၆၃ | ဦးကျော်လင်းဦး(စမ်းချောင်းမြို့နယ်) | ၂၁,၀၀၀ |
| ၅၆၄ | ဖျာပုံမြို့သူမြို့သားများစုပေါင်းအလှူ (ဖျာပုံမြို့) | ၁၇၁,၁၈၀,၀၀၀ |
| ၅၆၅ | ဦးဝီ+ဒေါ်ကြီး (မြိတ်မြို့) | ၆၀၀,၀၀၀ |
| ၅၆၆ | ဦးလှသန်း+ဒေါ်တင်အေး(ရမည်းသင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၆၇ | မယုမွန်ရည်အောင်၊မရည်မွန်ဦးနှင့်အဖွားဒေါ်ကျင်လွမ်အား ရည်စူး၍ မြေးမြစ်များအလှူ (လှိုင်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၆၈ | ဒေါ်စန်းစန်းချစ် (ကမာရွတ်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၆၉ | ဦးကြည်စိန်+ဒေါ်ဘီ (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၅၇၀ | ဦးသန်းဌေး+ဒေါ်မြင့်ရီ (မြိတ်မြို့) | ၂,၅၀၀,၀၀၀ |
| ၅၇၁ | Association of New Generation LYCs (ANGL) | ၆၁၀,၀၀၀ |
| ၅၇၂ | မိုးမြတ်ဇော်(လသာမြို့နယ်) | ၅၅,၀၀၀ |
| ၅၇၃ | ဦးဝင်းဟို (မြိတ်မြို့) | ၃,၅၀၀,၀၀၀ |
| ၅၇၄ | ဦးဇော်ဇော် ၊ ဦးသက်ပိုင်စိုး (ဒလမြို့နယ်) | ၅၀,၀၀၀ |
| ၅၇၅ | ကိုကျော်စွာသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၅၇၆ | ဦးမြင့်လွင်+ဒေါ်သင်းသင်းဆွေ (ဗိုလ်တထောင်မြို့နယ်) | ၁၃၃,၅၀၀ |
| ၅၇၇ | ဦးကြည်လင်း+ဒေါ်ခင်အေးမိုင် (သာကေတမြို့နယ်) | ၃၀၀,၀၀၀ |
| ၅၇၈ | ကိုကျော်စိုးဝင်း (လမ်းမတော်မြို့နယ်) | ၅၀,၀၀၀ |
| ၅၇၉ | လေးလေးစု (လှိုင်မြို့နယ်) | ၃၀,၀၀၀ |
| ၅၈၀ | ဦးသန်းရွှေ+ဒေါ်မြင့်မြင့်နွယ်၊ ရီရီလွင်၊ ခိုင်ဇာလွင် (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၁ | ကြည်ထူး(YIN MAR PRASS) (တာမွေမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၈၂ | ဒေါ်နှင်းနု(တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၃ | တင့်ထူးနိုင်+သန်းစုပိုင် မိသားစု (စင်္ကာပူ) | ၄၀၀,၀၀၀ |
| ၅၈၄ | ဒေါက်တာအေးအေးချို (ထိုင်ဝမ်) | ၃၀,၀၀၀ |
| ၅၈၅ | ဒေါ်ခင်စောထွေး(ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၆ | ဒေါက်တာအေးအေးချို (USA.LA) | ၃၀,၀၀၀ |
| ၅၈၇ | ဦးတင်အေးနှင့်ရုံးဝန်ထမ်းများ (သဃ်္ဃန်းကျွန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၈၈ | ဒေါက်တာ ဦးစောလွင်+ဒေါ်ညွန့်ညွန့်(ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၉ | ဦးမျိုးမြင့်+ဒေါက်တာတင်မိုးအေး မိသားစု(လှိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၉၀ | ဒေါ်မီမီနှင့်ညီမများ(ရန်ကင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၅၉၁ | Mr.TNL (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၅၉၂ | ရန်နိုင်စိုး(ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၅၉၃ | စန်းသီတာထွေး ၊ သက်နိုင်စိုး(မကွေးမြို့) | ၁၀,၀၀၀ |
| ၅၉၄ | ဦးရဲကျော်သူ (မွေးနေ့အလှူ)(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၅၉၅ | ဒေါ်ပန်းငွေ(မုဒုံမြို့) | ၁၀၀,၀၀၀ |
| ၅၉၆ | ဒေါ်မြင့်မြင့်အေး(နေပြည်တော်) | ၅၀,၀၀၀ |
| ၅၉၇ | ဦးနေမျိုးထွေး(လှိုင်သာယာမြို့နယ်) | ၁၀,၀၀၀ |
| ၅၉၈ | Daw S DAVY (တာမွေမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၅၉၉ | ဒေါ်တင်တင်ညွန့်(ရွှေဘုံသာမြို့နယ်) | ၆၀,၀၀၀ |
| ၆၀၀ | ဒေါ်မာရီမက်စ်(နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၀၁ | ဒေါ်မာမာလွင်(လသာမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၀၂ | ဒေါ်သန်းထွေး(သံဖြူဇရပ်မြို့) | ၁၀,၀၀၀ |
| ၆၀၃ | သန့်ဇင်စိုး (မွေးနေ့အလှူ)(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၆၀၄ | မမြတ်နှင်းစိုး(မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၀၅ | နန်းသင်္ဂီမျိုး(မ/ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၆၀၆ | ဇော်သက်ထွန်း+သက်သက်ထွန်း(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၆၀၇ | ဦးအောင်ဆင့် (ကြည့်မြင်တိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၀၈ | ဝင်းသိန်းဦး(စာရေးဆရာ)(လမ်းမတော်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၀၉ | ဦးအောင်သောင်း+ဒေါ်ဌေးစန်း(တ/ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၆၁၀ | ဦးကျော်မင်းထွန်း+ဒေါ်မျိုးမျိုးခိုင်(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၁ | ပြည့်စုံဝင်း(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၂၇၀,၀၀၀ |
| ၆၁၂ | ဦးသန်းလှိုင် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆၁၃ | ဦးဇော်သိန်း+ဒေါက်တာဒေါ်ဝင်းတင့် (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၄ | အောင်ဌေးခိုင်(ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၆၁၅ | နိုင်ရဲသူ၊ ထက်ထက်နုဌေး၊ ဝေဘုန်းထက်နိုင် (ဂျပန်) | ၅၀၀,၀၀၀ |
| ၆၁၆ | ဦးသန်းတင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၁၇ | ဒေါ်ခင်ဥမ္မာဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၂၀,၀၀၀ |
| ၆၁၈ | ဒေါ်ဝင်းကြူ၊ ကိုဝေယံထက်၊ မဇွန်(စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၉ | ဒေါ်မြင့်ကြည်၊ ဒေါ်အေးအေးမြင့် (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၂၀ | နွဲ့နွဲ့(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၆၂၁ | ထွန်းထွန်းဝင်း(မူဆယ်မြို့) | ၁,၀၀၀,၀၀၀ |
| ၆၂၂ | OLD JOHNIANS ASSOCIATION (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၂၃ | ဦးကျော်မင်းထွန်း(ရန်ကုန်မြို့) | ၇,၀၀၀ |
| ၆၂၄ | ဦးဝေဖြိုးဦး(ထန်းတပင်မြို့) | ၅၀,၀၀၀ |
| ၆၂၅ | ဒေါ်မာမာလွင်(မ/ဥက္ကလာပမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၂၆ | (ဦးဘုန်းမြင့်)+ဒေါ်ကြည်ပြာ(မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၂၇ | ဖြိုးတင့်နိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |

*စာမျက်နှာ ၂၄ သို့*

စာမျက်နှာ ၂၃ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၆၂၈ | ဒေါ်မြင့်မြင့်ရီ(နေပြည်တော်) | ၁၀,၀၀၀ |
| ၆၂၉ | မြင့်မြင့်စိန်(ပုဇွန်တောင်မြို့နယ်) | ၃၀,၀၀၀ |
| ၆၃၀ | သင်းကြာဖြူဝင်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆၃၁ | ဦးအောင်လွင်+ဒေါ်အေးသဇင်မျိုး Choo Ju မိသားစု(လမ်းမတော်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၃၂ | ပြည့်ဇင်ဟိန်း(လှိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၆၃၃ | မဝတ်ရည်ဘို(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၆၃၄ | မိုးဇော်ဦး(လမ်းမတော်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၃၅ | ကိုကျော်စည်သူ(အဖြူရောင်သူငယ်ချင်းများပရဟိတအဖွဲ့) (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၆၃၆ | ကိုကျော်စည်သူ(အဖြူရောင်သူငယ်ချင်းများပရဟိတအဖွဲ့) (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၆၃၇ | ဦးလှစိန်+ဒေါ်ခင်နီလာ မိသားစု (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၃၈ | ဦးဘိုသန်း( ၆၉ နှစ်မြောက်မွေးနေ့အလှူ)+ဒေါ်နှင်း (လှိုင်သာယာမြို့နယ်) | ၃၀၀,၀၀၀ |
| ၆၃၉ | မြသန်းစိုး(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၄၀ | ဒေါက်တာရှီဘာမြင့်လွင်(ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၆၄၁ | မစံပယ်ဖြူ (၂၄နှစ်ပြည့်မွေးနေ့အလှူ)(နေပြည်တော်) | ၅၀၀,၀၀၀ |
| ၆၄၂ | ဒေါ်ကြည်ကြည်တင်(တာမွေမြို့နယ်) | ၁၅,၀၀၀ |
| ၆၄၃ | ငြိမ်းကိုမင်း(လှိုင်မြို့နယ်) | ၂၀,၀၀၀ |
| ၆၄၄ | ဦးကျော်မင်း(နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၄၅ | ထင်အောင်လင်း(မြဝတီမြို့) | ၁၀၀,၀၀၀ |
| ၆၄၆ | အောင်စည်သူကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၄၇ | ငြိမ်းချမ်းစိုးဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၄၈ | စောငွေးဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၄၉ | ဒေါ်ဖြူဖြူလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၅၀ | ဦးကျော်ကျော်ထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၅၁ | စောဇင်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၅၂ | ထက်ဇာနည်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၅၃ | ဇာနည်ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၅၄ | လင်းလင်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၅၅ | Chris Tun (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၅၆ | ဇာခြည်မြင့်ငွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၆၅၇ | ခက်ခက်အောင်ကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၅၈ | ပြည့်ဖြိုးရှင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၅၉ | သိန်းမင်းလတ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၆၀ | ထိုက်ထိုက်စံ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၆၁ | နှင်းစက် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၆၂ | အောင်ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၆၃ | အောင်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၆၄ | သက်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၆၅ | ခင်ဇာမောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၆၆ | ကျော်နိုင်ထူး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၆၇ | မင်းသူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၆၈ | ဇာနည်ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၆၉ | သိန်းကြွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၇၀ | မျိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၇၁ | စောနီလာငွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၇၂ | မောင်မောင်လတ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၆၇၃ | ဖြိုးမင်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၇၄ | စိုးမိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၇၅ | ကျော်ဇေယျာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၆၇၆ | ဖြိုးသက်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၆၇၇ | သူရသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၆၇၈ | ဦးသန်းထွဋ်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆၇၉ | ဒေါ်တင်အေး+ဒေါ်တင်တင်ဝင်း (Ever Shine Family) | ၁,၀၀၀,၀၀၀ |
| ၆၈၀ | ဦးသိန်းနိုင်ဦး (လူမှုဖူလုံရေးအသင်း) | ၅,၀၀၀,၀၀၀ |
| ၆၈၁ | ဒေါ်ခင်စောနွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၆၈၂ | ဒေါ်ကေသီရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၆၈၃ | ဦးသိန်းငွေပြည့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၂၀,၀၀၀ |
| ၆၈၄ | ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း(အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)+ ဒေါ်မာဝင်းခိုင် မိသားစု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၈၅ | ဒေါ်ညိုညို မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၈၆ | ဦးအောင်မြင့် + ဒေါ်အေးစန်း မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၈၇ | ဦးမြင့်ထွေး+ဒေါ်ရီရီမြင့်၊သမီးမစုစုလှိုင် ရွှေဇီးကွက်မြန်မာမှုလုပ်ငန်း (ကြည့်မြင်တိုင်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၈၈ | ဒေါ်နိုင်ရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆၈၉ | ဒေါ်လေးငယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၆၉၀ | ဒေါ်နွယ်လွင်ဦး+ ဒေါ်မြင့်မြင့်ကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၆၉၁ | ဒေါ်နိုင်နိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၆၉၂ | ဦးစိန်သန်း+ဒေါက်တာအေးအေးမြိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၅၀,၀၀၀ |
| ၆၉၃ | ဦးအောင်စံမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၆၉၄ | Semone Aye (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၉၅ | Nan Phaung(USA) | ၁၃၀,၀၀၀ |
| ၆၉၆ | Kelly Lu (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၆၉၇ | Emily Ong (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၉၈ | ဦးမောင်ကို+ (ဒေါ်စန်းရီ)မိသားစု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၉၉ | ဒေါ်သူဇာမြင့် (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၇၀၀ | ဒေါ်သီတာနွဲ့ (မရမ်းကုန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၇၀၁ | မြန်မာပြည်ဖွားဗုဒ္ဓဘာသာဝင်တရုတ်မျိုးနွယ်စုများ(မန္တလေးမြို့) | ၂၂၀,၀၀၀,၀၀၀ |
| ၇၀၂ | ဦးတင့်ဆွေ+ဒေါ်တင်တင်ရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၅၀,၀၀၀ |
| ၇၀၃ | Julia Ong (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၀၄ | ဒေါ်ခင်ဝ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၇၀၅ | ဒေါ်စိုးစိုးရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၇၀၆ | ဒေါ်ခင်ရီ(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၇၀၇ | ဦးစိန်ကြည်(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၇၀၈ | Miranda Ong (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၇၀၉ | ဦးချမ်းငြိမ်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၁၀ | ဒေါက်တာသီတာဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၁၁ | ဒေါ်လွင်မာမြင့် (Shwe Taung Copy & Binding) | ၁,၀၀၀,၀၀၀ |
| ၇၁၂ | ဦးဝင်း+ဒေါ်သိန်းစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၁၃ | ဦးတေဇာထွန်း+ဒေါ်စုစုဝေ သမီး-မသက်စုဖူး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၁၄ | ဦးသိန်းထွန်း+ဒေါ်ဝင်းဝင်းမေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၇၁၅ | ဒေါက်တာတင်ဝင်း+ဒေါ်သဲဖြူနု (C/O) ဒေါ်လွင်မာသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၁၆ | ဒေါ်ကြည်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂,၀၀၀,၀၀၀ |
| ၇၁၇ | ဦးခင်ဝမ်+ဒေါ်တင်မာဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၇၁၈ | ဦးတင်ငွေ+ ဒေါ်စီစီ (သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၇၁၉ | ဦးကျော်လှိုင်+ဒေါ်ညွန့်ညွန့်ရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၇၂၀ | Belinda Hsieh (Thiwan) | ၂၀၀,၀၀၀ |
| ၇၂၁ | ဦးညွန့်ဝေ+ဒေါ်ညွန့်ရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၉၅,၀၀၀ |
| ၇၂၂ | ဒေါက်တာလေဒီအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၂၃ | ဦးခင်အောင်+ဒေါ်ချစ်ကြူ (မိသားစု) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၇၂၄ | Stanley Leong (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၂၅ | Ronny Kong + Dr Hla Hla Kyi (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၇၂၆ | Willial + Stephanie Chang (Family) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၇၂၇ | Britt & Tiffany Shou (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၂၈ | ဒေါ်သင်းသင်းအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၄၀,၀၀၀ |
| ၇၂၉ | ဆရာမဒေါ်မြညွန့် (ရွှေညောင်ပင်ဘုန်းကြီးကျောင်း) | ၂၀၀,၀၀၀ |
| ၇၃၀ | ဒေါ်မိုးမင်းခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၂၅၀,၀၀၀ |
| ၇၃၁ | ဦးစိုးသူ+ဒေါ်ဥမ္မာမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၅,၀၀၀ |
| ၇၃၂ | Thomas + DR Carolyne Lim (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၇၃၃ | Ling Ling Lin (USA) | ၂၀၀,၀၀၀ |
| ၇၃၄ | ဒေါက်တာဒေါ်ခင်စည်သူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၇၃၅ | ဒေါ်လွင်မာအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၇၃၆ | ဦးဗိုလ်ဗိုလ်ဝင်း Best Synergy Co.,Ltd (မန္တလေးမြို့) | ၁,၅၀၀,၀၀၀ |
| ၇၃၇ | ဒေါ်ခင်သီသီ (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၇၃၈ | ဦးမင်းသူ (မန္တလေးမြို့) | ၃,၀၀၀,၀၀၀ |
| ၇၃၉ | ဦးမျိုးဟိန်း(ခ) ဦးမျိုးအောင်ကျော် (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၇၄၀ | ဦးဝင်းမင်းစန်း (မန္တလေးမြို့) | ၁,၅၀၀,၀၀၀ |
| ၇၄၁ | မမီမီနှင့်အဖွဲ့ (မန္တလေးမြို့) | ၄၃၀,၀၀၀ |
| ၇၄၂ | ဦးတင်အောင်မြင့်+ဒေါ်ပုလဲကိုလေး သားသမီး မြေးတစ်စု (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၇၄၃ | ဦးကြည်ဝင်း+ ဒေါ်တင်ဥ (ရွှေမြန်မာရတနာပင်ရင်းထီဆိုင်ကြီး) (မန္တလေးမြို့) | ၂,၀၀၀,၀၀၀ |
| ၇၄၄ | ဦးရှောက်ကျင်+ ဒေါ်ရှောစန် မိသားစု (မန္တလေးမြို့) | ၆၀၀,၀၀၀ |
| ၇၄၅ | ဗိုလ်မှူးစိုးမြင့်+ဒေါ်ညွန့်ညွန့်တင် "ရွှေယင်းမာကော်ဖီ" မိသားစု (ပြင်ဦးလွင်မြို့) | ၁,၀၀၀,၀၀၀ |
| ၇၄၆ | ဦးပွေမင်း+ဒေါ်နန်းခင်ငွေး မိသားစု (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၇၄၇ | ဦးပွေမင်း+ဒေါ်နန်းခင်ငွေး "စိန်အားမာန်ကျောက်မျက်ရတနာရောင်းဝယ်ရေး"မိသားစု (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၇၄၈ | ဒေါ်မြင့်မြင့်စန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| | ၁၅-၁-၂၀၂၂ ရက်နေ့ စုစုပေါင်း | ၁,၀၉၉,၅၈၇,၃၀၄ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရနေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန်အတွက် ငွေကျပ် ၁၂ သိန်းလှူဒါန်း

ပခုက္ကူ ဇန်နဝါရီ ၃၀

ပခုက္ကူမြို့နယ် Pact Global Microfinance Fund မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် ယမန်နေ့က ပခုက္ကူမြို့ ကိုဗစ်-၁၉ အထောက်အကူပြုလုပ်ငန်းကော်မတီထံ ငွေကျပ် ၁၂ သိန်း ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် Pact Global Microfinance Fund မန်နေဂျာဒေါ်တင်တင်ခိုင်က ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရေး အလှူငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းရာ ပခုက္ကူမြို့ ကိုဗစ်-၁၉ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်နှင့် ကော်မတီဝင်များက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ဆလိုင်းကိုကီး(ပြန်/ဆက်)

# အမျိုးသားစာပေဆုရှင် သတင်းစာဆရာ(ဦး) ရဲတင့်

**မောင်ဖေလှိုင်**






"ကိုရဲတင့်ရေ- သတင်းစာအလုပ်ကို တကယ်ဝါသနာပါရင်တော့၊ ရန်ကုန်ဆင်းလာခဲ့ပေတော့။ သတင်းစာအလုပ်က ဘွဲ့ရမှမဟုတ်ပါဘူး။ " စသည့် -ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်ဖြစ်သူ ဆရာ သိန်းဖေမြင့်ထံမှ စာတိုကလေးကို ရလိုက်သည်နှင့် မိတ္ထီလာမှသည် ရန်ကုန်မြို့သို့ ပြေးဆင်းလာကာ သတင်းစာသမားဘဝ၌ ခြေစုန်ပစ်ဝင်လိုက်သူမှာ ဦးရဲတင့်ပင် ဖြစ်ပါ၏။

မိတ္ထီလာ အထက(၁)မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော (မောင်) ရဲတင့်သည် ထိုစဉ်က မန္တလေးတက္ကသိုလ်၌ တက်ရောက်နေစဉ်ကာလဖြစ်ပါ၏။ ဘွဲ့ရသည်အထိ ဆက်မတက်တော့ဘဲ ဒုတိယနှစ်မှာပင် ပညာရေးကိုစွန့်ကာ ၁၉၆၃ ခုနှစ်၌ ပုဂ္ဂလိကသတင်းစာဖြစ်သော ဗိုလ်တထောင်သတင်းစာ၌ အလုပ်သင်အဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပါတော့သည်။

သတင်းစာအလုပ်ကို ရူးသွပ်သော၊ ဝါသနာကြီးလှသော ကိုရဲတင့်သည် ဆရာသိန်းဖေမြင့်၏ လက်ခံနေရာပေးမှုဖြင့် ဗိုလ်တထောင်သတင်းစာ ပုံနှိပ်စက်ခန်း၊ သတင်းစာစက္ကူလိပ်ပုံများကြား၌ ညအိပ်ခဲ့ကာ သတင်းစာအလုပ်ကို အောက်ခြေကစတင် ခြေလှမ်းခဲ့ပါတော့သည်။

**စွယ်စုံတတ်ကျွမ်း**

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် ဗိုလ်တထောင်သတင်းစာကို ပြည်သူပိုင်ပြုလုပ်လိုက်သောအခါ သူသည် အယ်ဒီတာတစ်ဦး ဖြစ်လာခဲ့ပါ၏။ ဗိုလ်တထောင်သတင်းစာအယ်ဒီတာစားပွဲတွင် နယ်သတင်းတည်းဖြတ်၊ နိုင်ငံတကာသတင်း ဘာသာပြန်ဆိုခြင်း၊ ခေါင်းကြီး(ဒယ်ဒီတာ့အာဘော်)ရေးသားခြင်း၊ ညဖောင်တာဝန်ခံ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခြင်း စသည်တို့ကို ၁၉၆၄ ခုနှစ်မှသည် ၁၉၈၀ ပြည့်နှစ်အထိ လုပ်ကိုင်ခွင့်ရခဲ့ခြင်းက သတင်းစာလုပ်ငန်း(သို့) အယ်ဒီတာများလုပ်ကိုင်ကြရသည့် အတတ်ပညာများကို စွယ်စုံတတ်ကျွမ်းစေခဲ့ပါတော့သည်။

အယ်ဒီတာအလုပ်ကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခဲ့သော ဦးရဲတင့်အား ၁၉၈၀ ပြည့်နှစ်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)၏ အယ်ဒီတာချုပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ ၁၉၈၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရပါ၏။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တာဝန်ယူပြီးနောက် ကြေးမုံသတင်းစာကို လေးနှစ်ကြာမျှ ရပ်နားထားခဲ့ပါ၏။ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်၌ ကြေးမုံသတင်းစာ ပြန်လည်ထုတ်ဝေသောအခါ ဦးရဲတင့်သည် ကြေးမုံသတင်းစာ စာတည်းမှူးချုပ်အဖြစ် သာမက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ထုတ်ဝေခဲ့ရသော "နိုင်ငံတကာ သတင်းဂျာနယ်" ကိုလည်း စာတည်းမှူးချုပ်အဖြစ်တွဲဖက်ကာ ဦးစီးထုတ်ဝေနိုင်ခဲ့ပါတော့သည်။

မိမိနှင့် ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)(နောင်စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံ) တို့နှစ်ဦးသည် ထိုစဉ်က ဦးရဲတင့်၏ လက်အောက်ညဖောင်စာတည်းများအဖြစ် လုပ်ကိုင်ခွင့်ရခဲ့ကြပါသည်။

ထိုစဉ်က တပ်မတော်အစိုးရတာဝန်ရှိပုဂ္ဂိုလ်က ကြေးမုံသတင်းစာကို ယခင်ကာလအတိုင်း စာဖတ်ပရိသတ်နှစ်ခြိုက်သည့် အပြင်အဆင်ပုံစံ၊ သတင်းစာကို လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ပြုခဲ့ရာ မိမိနှင့် ဦးမြင့်ဆွေတို့သည် နေ့ပိုင်း၌ သတင်းဆောင်းပါး၊ အင်တာဗျူးဆောင်းပါးများ ကွင်းဆင်းရေးသားကြရပြီး ညပိုင်းဖောင်ကိုင်စာတည်း (အယ်ဒီတာ) တာဝန်ကိုပါ ယူခဲ့ကြရပါ၏။

**ထူးခြားသောကာလ**

ထို့ပြင် သတင်းထောက်မှူး ဦးသွင်အေး၊ ဓာတ်ပုံဆရာ ဦးသိန်းဝင်းကြီး စသူတို့ကပါ သတင်းဓာတ်ပုံကောင်းရရှိရန် ကွင်းဆင်းရိုက်ကူးကြရသည်သာမက ကြေးမုံအရန်အင်အားအဖြစ် ကော်လံစား (မြို့နယ်သတင်းထောက်) များကိုပါ စုစည်းကာ သတင်းစာကောင်းမွန်ရေး ဝိုင်းဝန်းလုပ်ကိုင်ခဲ့ကြရသည်မှာ သတင်းစာခေတ်သမိုင်း၏ ထူးခြားသောကာလတစ်ခုလည်း ဖြစ်ခဲ့ရပါသည်။

မိမိနှင့်စာတည်း ဦးမြင့်ဆွေတို့နှစ်ဦး ဆရာဦးရဲတင့်၏ ကွပ်ကဲစီမံမှုအဝဝ၊ သတင်းစာအတတ်ပညာအဖုံဖုံ၊ သတင်းသမားတို့ တတ်သိအပ်သော အတွေးအမြင်စသည်တို့ကို သတင်းစာမွမ်းမံသင်တန်း တက်ရောက်ကြရသည့်နှယ် သင်ယူလေ့လာခံယူခွင့်ရခဲ့ကြသည်မှာ မည်သည့်အရာနှင့်မျှ မလဲနိုင်သော မဟာအခွင့်အရေးကြီးပင် ဖြစ်ခဲ့ပါတော့သည်။

ဆရာဦးရဲတင့်သည် ကြေးမုံသတင်းစာကို ပဲ့ကိုင်ဦးစီးနိုင်သည်သာမက တစ်ဖက်ကလည်း "နိုင်ငံတကာသတင်းဂျာနယ်" ကိုပါ အပတ်စဉ် ထုတ်ဝေနိုင်ရန်အတွက်ပါ ဆောင်ရွက်နိုင်ခဲ့ပေရာ ကြေးမုံသတင်းစာ စောင်ရေတိုးလာသကဲ့သို့ နိုင်ငံတကာသတင်းဂျာနယ်သည်လည်း စာဖတ်ပရိသတ်အကြား ရေပန်းစားလာခဲ့ပါတော့သည်။

ဤကဲ့သို့ ကြေးမုံသတင်းစာ၊ နိုင်ငံတကာသတင်းဂျာနယ်ကို ဦးစီးပဲ့ကိုင်နိုင်သော ဦးရဲတင့်အား 'အားကစားဂျာနယ်' ကိုပါ အပတ်စဉ်ထုတ်ဝေရန် တာဝန်ပေးအပ်ခဲ့၍ အားကစားရေးရာကျွမ်းကျင်သူ ဦးမြင့်ဆွေက တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရပါ၏။

ယင်းကဲ့သို့ ကြေးမုံသတင်းစာကို တပ်မတော်အစိုးရက အသွင်သစ်၊ ပုံစံသစ်အဖြစ် ထုတ်ဝေရန် ကြံရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် သတင်းလွတ်လပ်ခွင့်၊ နိုင်ငံရေး အနေအထားများအရ စိစစ်ထုတ်ဝေရသော 'အယ်ဒီတာချုပ်အစည်းအဝေး' ၏ ဆုံးဖြတ်ချက်အတိုင်းသာ သတင်းဆောင်းပါး ဓာတ်ပုံများ ကန့်သတ်ခံခဲ့ရကာ ပုံစံကျသတင်းစာအဖြစ်သာ ရှိခဲ့ပါတော့သည်။

**ရဲရဲဝံ့ဝံ့ဆောင်ရွက်**

မည်သို့ဆိုစေကာမူ စာတည်းမှူးချုပ် ဦးရဲတင့်သည် ၎င်းတာဝန်ယူစဉ်ကာလအတွင်း သတင်းစာ၊ ဂျာနယ်များကို တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝဖြင့် သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကိုမူ မိမိတို့ ကြေးမုံသတင်းစာတိုက် ဝန်ထမ်းအားလုံးက သိမြင်ခံယူလေးစားသမှု ရှိခဲ့ကြရပါသည်။

ဤသည်မှာ ပုဂ္ဂိုလ်ရေးချီးပသောအနေအထားပုံစံမဟုတ်ရဘဲ သတင်းစာဆရာတစ်ဦးအနေဖြင့် အောက်ခြေဝန်ထမ်းအဆင့်ဆင့် (အယ်ဒီတာ၊ စာပြင်၊ စီမံ၊ ဖြန့်ချိရေး၊ ပုံနှိပ်စက်၊ လုံခြုံရေး) အဆုံး ခံစားအသိအမှတ်ပြုခဲ့ကြခြင်းပင် ဖြစ်ပါသည်။

မိမိနှင့် ဦးမြင့်ဆွေတို့နှစ်ဦးသည် ဆရာ့၏ လက်အောက် သတင်းခေါင်းစဉ်တပ်ခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဓာတ်ပုံ အထားအသို၊ အယ်ဒီတာ့အာဘော်ရေးသားခြင်း စသည်တို့ကို အနီးကပ်မြင်တွေ့၊ သိမှတ်ကျင့်သုံးနိုင်ခဲ့ကြရာ နောင်သတင်းစာတိုက်၏ အမြင့်ဆုံးတာဝန်ကို ယူနိုင်ခဲ့ကြခြင်း၌ ဆရာဦးရဲတင့်၏ ကျေးဇူးတရားကား အဓိကနေရာတွင်ရှိခဲ့သည်ကို ဝန်ခံစကား ဆိုလိုက်ရပါသည်။

ဆရာသည် ကြေးမုံသတင်းစာ အယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့ပြီး နောက်ပိုင်း၌လည်း အကြံပေးအရာရှိအဖြစ် ဂျာနယ်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ပေးသွားခဲ့ပါသည်။

ဆရာသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကုလသမဂ္ဂသတင်းထောက်အသင်း၏ အာရှတိုက်အတွက် 'ဒက်ဟားမားရှိုးပညာသင်ဆု'ကို ချီးမြှင့်ခံခဲ့ရသူဖြစ်ပြီး ပြည်ပနိုင်ငံများသို့လည်း သတင်းစာဆရာတစ်ဦးအဖြစ် ဆွေးနွေးပွဲ၊ လေ့လာရေးခရီးများ သွားရောက်ခဲ့ရပါ၏။

ဘာသာပြန်ကျွမ်းကျင်သူ သတင်းစာဆရာ ဦးရဲတင့်သည် ၂၀၁၉ ခုနှစ်အတွက် **အမျိုးသားစာပေဆု (ဘာသာပြန်ဆု)** ကို **'သွေးနှင့်ရေနံ'** စာအုပ်ဖြင့် ဆွတ်ခူးခဲ့သူစာရေးဆရာလည်း ဖြစ်ပါ၏။

သုတစွယ်စုံဆု (ဘာသာပြန်ဆု) အဖြစ် ဆရာဘာသာပြန်ဆိုခဲ့သော 'ကုလသမဂ္ဂပေါ်မှအမြင်' စာအုပ်အတွက် ၂၀၁၀ ပြည့်နှစ်က ချီးမြှင့်ခံခဲ့ရပါ၏။

၂၀၀၀ ပြည့်နှစ်က နိုင်ငံတော်က ချီးမြှင့်သော စီမံထူးချွန် (ဒုတိယအဆင့်) ကို ရရှိခဲ့သော ဆရာသည် ဦးသိန်းစိန်အစိုးရလက်ထက် နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ဝင်အဖြစ်ပါ တာဝန်ပေးအပ်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါ၏။

မိတ္ထီလာမြို့ဇာတိဖြစ်သော ဆရာဦးရဲတင့်အား အဖ ဦးအောင်ရှိန်၊ အမိ ဒေါ်သိန်းမေတို့မှ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၌ မွေးဖွားခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၂၉ ရက် ည ၉:၄၅ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်ခဲ့ပေရာ ကွယ်လွန်ချိန်က ဆရာသည် အသက် (၈၀) တင်းတင်းပြည့်ချိန်နှင့်လည်း တိုက်ဆိုင်နေခဲ့ပါကြောင်း။

**(မှတ်ချက်။ ။ သတင်းစာပညာအဝဝ ဆရာစားမချန် သွန်သင်ပြသပေးခဲ့ပါသော ကြေးမုံစာတည်းမှူးချုပ် (ငြိမ်း) ဆရာဦးရဲတင့်အား ဤစာစုဖြင့် ဂါရဝပြုအပ်ပါကြောင်း။)**

# ရန်ကုန် – မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှ (၁၇) မိုင်အဆန်လမ်းအဆင့်မြှင့်တင်ပြီးစီး၍ မြေထိန်းနံရံများတည်ဆောက်နေ

**ကျောက်တံခါး ဇန်နဝါရီ ၂၀**

ရန်ကုန် – မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအပိုင်း (၁) ညောင်လေးပင် – တောင်ငူ လမ်းပိုင်း ၁၁၆ ကီလိုမီတာ (၇၂ မိုင်) ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၅-၁-၂၀၁၈ မှ ၄-၁၁-၂၀၂၂ ရက်အထိ ၄၈ လကြာ တိုကျိုးဆောက်လုပ်ရေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ကျောက်တံခါးမြို့နယ်အတွင်း ပိန်းဇလုပ်ဘူတာနှင့် တောကျွဲအင်းဘူတာအကြား ရထားသံလမ်း ၁၇ မိုင်ကို အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသောအစုန်လမ်းအား ဇန်နဝါရီ ၁ ရက်မှ စတင်၍ လမ်းဟောင်းများဖြုတ်သိမ်းကာ ပြန်လည်အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည်။


ညောင်လေးပင် – တောင်ငူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ပြီးစီးမှုကို တွေ့ရစဉ်။

ကျောက်တံခါးမြို့နယ်အတွင်း ပြီးစီးသွားသော ရထားအဆန်လမ်း၏ မြေထိန်းနံရံများ မြေပြိုကျမှုမရှိစေရေးအတွက် ကျောက်စီမြေထိန်းနံရံများ၊ ချဉ်းကပ်လမ်းများ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ပြည်သူ့ဆက်ဆံရေးမန်နေဂျာ ဦးဝင်းမြင့်က ရထားလမ်းဘေးတွင် နေထိုင်သည့် ပြည်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ပြီးခဲ့သည့် မိုးရာသီကာလတွင် တံတားများ တည်ဆောက်နေသည့်နေရာ၌ ရေများစီးဆင်းမှု ပိတ်ဆို့ကာ ကျောက်တံခါးမြို့၏ အနောက်ဘက်ခြမ်းရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကို ပြည်သူများက တင်ပြခဲ့ရာ ယခုလာမည့်မိုးရာသီတွင် ရေကြီးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ တီဘီရောဂါ ကုသရေးစင်တာတွင် တီဘီလူနာများအား အခမဲ့ကုသပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဆေးယဉ်ပါး တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးရှာဖွေနိုင်သည့် Gene X-Pert စက်နှင့် ကုသရေးစင်တာကို ဖွင့်လှစ် ဆောင်ရွက်ထားရှိရာ ဒလမြို့နယ်အပါအဝင် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ လူနာများအား ကုသမှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်က ဆေးယဉ်ပါးတီဘီ စစ်ဆေးရာတွင် အင်းစိန်မြို့ရှိ အောင်ဆန်း(အမျိုးသားတီဘီ ရောဂါတိုက်ဖျက်ရေး) ဆေးရုံ၌သာ စစ်ဆေးပြသနိုင်သော်လည်း ယခုအခါ ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသရေးစင်တာနှင့် Gene X-Pert စက်တပ်ဆင်ပြီး ဆေးယဉ်ပါးတီဘီ ရှိ၊ မရှိ ရှာဖွေ စမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

တီဘီရောဂါဖြစ်ပြီးသူများအား ဆေးယဉ်ပါးတီဘီရှိ၊ မရှိ စစ်ဆေးပေးခြင်းကို အစိုးရရုံးဖွင့်ရက် တနင်္လာနေ့မှ သောကြာနေ့အထိ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA) မှ စေတနာ့ဝန်ထမ်း ဆရာဝန်များက ဆေးယဉ်ပါးတီဘီလူနာများ ကုသပေးခြင်းကို တစ်ပတ်လျှင်တစ်ရက်ဖြင့် သောကြာနေ့တိုင်း ကုသပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် လူနာများ လာရောက်ပြသမှု နေ့စဉ်ပုံမှန်မရှိသေးကြောင်း၊ ရက်ချိန်းဖြင့်သာ လာရောက်ပြသမှုများရှိကြောင်း သိရသည်။

ဒလမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ဓာတ်ခွဲဌာနရှိ ဆေးယဉ်ပါးတီဘီ စမ်းသပ်ရှာဖွေနိုင်သည့် Gene X-Pert စက်မှာ ဒေါ်လာ ၁၇၀၀၀ တန်ဖိုးရှိပြီး ရောဂါ ရှိ၊ မရှိကို နှစ်နာရီအတွင်း စစ်ဆေးသိရှိနိုင်ကြောင်း၊ တစ်ရက်လျှင် လူနာ ၁၅ ဦးအထိ စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ရန်ကုန်တိုင်းဒေသကြီးသည် တီဘီရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူဦးရေထူထပ်များပြားသော လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာ၊ တောင်ဒဂုံမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ တီဘီရောဂါဖြစ်ပွားမှုအများဆုံးတွေ့ရှိရကြောင်းသိရသည်။ **နိုင်လင်းကျော်(ဒလ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အိမ်အမှတ်(က-၂၀)နေ ဒေါ်မျိုးမဥ္ဇူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြောက်လားသော် ဦးပိုင်အမှတ်(N-၅၇)၊ တောင်လားသော် ဦးပိုင်အမှတ် (N-၅၉ + N-၆၀ + N-၆၁/က)၊ အရှေ့လားသော် မိုးကြိုးပစ်-သင်္ကြံသွားသည့်လမ်း၊ အနောက်လားသော် လှည်းလမ်းတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည် သဲဖြူချောင်၊ ဦးပိုင်အမှတ် (N-၅၈)၊ မြေဧရိယာ (၅)ကေအား ဦးသိန်းတန်မှ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချဆင့်ဆိုသည့် အမိန့် အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ခင်ပွန်း ဦးသိန်းတန် ကွယ်လွန်သွား၍ ဇနီး ဒေါ်သန်းသန်းနွဲ့က အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ပိုင်ရှင် ဒေါ်သန်းသန်းနွဲ့ကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်မျိုးမဥ္ဇူမှ စရန်ငွေအချို့ပေးချေ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူက အရောင်းအဝယ်ကိစ္စအား ဆက်လက်ငွေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မျိုးမဥ္ဇူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)
အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ သုမင်္ဂလာရပ်၊ ဓမ္မာရုံလမ်း၊ အိမ်အမှတ်(၁၂၁)နေ ဒေါ်ကြည်ပြာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြောက်လားသော် ဦးပိုင်အမှတ်(N-၅၈)၊ တောင်လားသော် ဦးပိုင်အမှတ် (N-၇၆)၊ အရှေ့လားသော် ဦးပိုင်အမှတ် (N-၆၁/ခ)၊ အနောက်လားသော် ဦးပိုင်အမှတ် (N-၅၉)တွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည် သဲဖြူချောင်၊ ဦးပိုင်အမှတ် (N-၆၁/က)၊ မြေဧရိယာ ၄ ဒသမ ၃၀ ကေအား ဒေါ်ဆုပြည့်သာမှ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချဆင့်ဆိုသည့် အမိန့်အမည်ပေါက် လက်ရှိပိုင်ဆိုင်ပါသည်။ ပိုင်ရှင် ဒေါ်ဆုပြည့်သာကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ပြာလွင်မှ စရန်ငွေအချို့ပေးချေ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ပြာလွင်မှ အရောင်းအဝယ်ကိစ္စအား ဆက်လက်ငွေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ပြာလွင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ပြာလွင်က ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြည်ပြာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)
အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅

## သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မိဂသီ ၂၂ လမ်း၊ တိုက်အမှတ် ၂၈၈၊ ၅လွှာ(A)နေ ဒေါ်အေးအေးလွင် ၁၂/မရက(နိုင်)၀၆၁၁၈၆၏ သားတစ်ဦးဖြစ်သူ ကိုရဲကိုလွင် ၁၂/မရက(နိုင်) ၁၅၉၀၆၆သည် မိဘများအပေါ် ရိုင်းစိုင်းစွာပြုမူဆက်ဆံခြင်းများ၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကိုရဲကိုလွင်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းမင်းဆွေ LL.B
အထက်တန်းရှေ့နေ(စဉ်-၃၃၂၅၈)
အမှတ် ၄၂၊ စော်ဘွားလမ်း၊ ၅/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၅၆၅၂၇

| **အမည်မှန်** | ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အလက(လင်းလဲ) အဌမတန်းမှ မောင်ကောင်းဝဏ္ဏကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၇/သကန(နိုင်)၀၈၆၀၄၂ ဖြစ်ပါကြောင်း။ |
|---|---|

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချယ်ရီလမ်း၊ (၃) ရပ်ကွက်၊ မြေကွက်အမှတ် ၄၃၃၊ ပေ(၄၀x၆၀)အကျယ်ရှိ ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဦးသိမ်းမရ ၁၂/အစန(နိုင်)၀၁၉၄၂၁မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါပါမစ်မြေကွက်အား အပြီးသတ်ပေးချေ၍ လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆုမွန်သက် LL.B, DBL, Dipl
(အထက်တန်းရှေ့နေ) စဉ်-၄၂၈၀၀
ဖုန်း-၀၉-၇၆၄၈၀၉၈၀၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ် မန္တလေး-လားရှိုးလမ်း၊ အိမ်အမှတ် ၅၅၃နေ ဦးသန်းထွေးဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြောက်လားသော် ဦးပိုင်အမှတ်(N-၅၈)၊ တောင်လားသော် ဦးပိုင်အမှတ် (N-၇၆)၊ အရှေ့လားသော် ဦးပိုင်အမှတ် (N-၆၁/ခ)၊ အနောက်လားသော် လှည်းလမ်းတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည် သဲဖြူချောင်၊ ဦးပိုင်အမှတ် (N-၅၉)၊ မြေဧရိယာ ၅ ကေအား ဦးမိုးမြင့်သာမှ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချဆင့်ဆိုသည့် အမိန့်အမည်ပေါက် လက်ရှိပိုင်ဆိုင်ပါသည်။ ပိုင်ရှင် ဦးမိုးမြင့်သာ ကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွေးဖြူမှ စရန်ငွေအချို့ပေးချေ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွေးဖြူမှ အရောင်းအဝယ်ကိစ္စအား ဆက်လက်ငွေပေးချေမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွေးဖြူထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွေးဖြူက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသန်းထွေးဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
